# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 9 May 2023 ၁၁၀၉၀


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်တွင် ခေတ်မီစက်ယန္တရားများအသုံးပြု၍ သဲနုန်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

## မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏ ဒေသ၊ မိမိတို့၏ မြို့ သန့်ရှင်းသာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းမှသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သာယာလှပမှုရှိလာစေရေး ကြိုးပမ်း

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်၏ သမိုင်းအကျဉ်းနှင့် ယခုအခါတွင် သဲနုန်းများ များပြားလာပြီး ကန်အဆင့်မြှင့်တင်ရန် လိုအပ်လာသည့်အတွက် ကန်တော်၏အရှေ့ဘက်ခြမ်းတွင် သဲနုန်းများ တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှု၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**


ဟိုင်းကြီးကျွန်းမြို့၌ မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၉

မသန်သော်လည်း စွမ်းဆောင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နေကြသည့် မသန်စွမ်းအားကစားသမားများ ဆောင်းပါး စာမျက်နှာ » ၁၀

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည် စာမျက်နှာ » ၁၂

ကြေးမုံ

# သဘာဝဘေးများ ညီညွတ်မှုဖြင့်ကျော်လွှား

မြန်မာနိုင်ငံတွင် မုန်တိုင်းဖြစ်ပေါ်လာနိုင်မှုနှင့်ပတ်သက်၍ ပြည်သူများကြားတွင် စိုးရိမ်ပူပန်မှုများဖြစ်နေကြသည်။ လက်ရှိအခြေအနေ၌ မုန်တိုင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခန့်မှန်းတွေ့ရှိချက်များကိုသိနေရသည်။ ပိုမိုတိကျမှုကိုမူ မုန်တိုင်းငယ်ဖြစ်ပေါ်လာပြီးမှ သေချာသည့်လမ်းကြောင်းကို ခန့်မှန်းနိုင်မည်ဖြစ်သည်။ မုန်တိုင်းနှင့်ပတ်သက်၍ အရေးကြီးသည်မှာ သဘာဝဘေးအန္တရာယ်ကို ကာကွယ်မှု၊ ပြန်လည်ထူထောင်မှု၊ လျင်လျင်မြန်မြန် ပြန်လည်တုံ့ပြန်နိုင်စွမ်းရှိမှုတို့သည် အဓိကဖြစ်သည်။

လက်ရှိခန့်မှန်းတွေ့ရှိချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် ယခုအချိန်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်ပြီး မေလ ၉ ရက်နေ့ခန့်တွင် မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိကာ မြောက်ဘက်သို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပြီးခဲ့သည့်ရက်များအတွင်း ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်ပြီး ထိုလေဖိအားနည်းရပ်ဝန်းသည် အားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုဖြစ်ပေါ်နိုင်ကြောင်း ကြိုတင်အသိပေးထားသည်။ ဒေသတွင်း၌ အပူရှိန်များမြင့်တက်လာရာမှ ရုတ်တရက် အရှိန်ပြင်းပြင်းနှင့်ရိုက်ခတ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာနိုင်သည်ဟု နိုင်ငံတကာ မိုးလေဝသပညာရှင်များက ခန့်မှန်းကြသည်။

မြန်မာနိုင်ငံ၌ လာမည့်သီတင်းပတ်အတွင်း မေလ ၁၃ ရက်နေ့နှင့် ၁၄ ရက်နေ့တို့တွင် ဆိုင်ကလုန်းမုန်တိုင်း "မိုကာ"ဒဏ်ကိုခံရနိုင်သည်ဟု အိန္ဒိယမိုးလေဝသဌာနက မေလ ၆ ရက်နေ့က အသိပေးထားသည်။ မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ကြိုတင်ခန့်မှန်းချက်အရ ဘင်္ဂလားပင်လယ်အော်အတွင်း မေလ ၈ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် မုန်တိုင်းဖြစ်ပေါ်ရာမှ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲကာ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သော လမ်းကြောင်းသုံးခုကို ခန့်မှန်းထားသည်။

လက်ရှိအချိန်တွင် မုန်တိုင်းဖြစ်ပေါ်ခြင်းမရှိသေးပေ။ မုန်တိုင်းဖြစ်ပေါ်လာမှသာ သွားရာလမ်းကြောင်းကိုကြည့်ပြီး အချိန်ကာလတစ်ခုအတွင်း တိကျစွာခန့်မှန်းနိုင်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကြိုတင်ပြင်ဆင် စီမံခန့်ခွဲထားခြင်းသည်သာ အကောင်းဆုံးဖြစ်၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် မုန်တိုင်းအခြေအနေနှင့်ပတ်သက်၍ မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အလေးထားညွှန်ကြား ဆောင်ရွက်လျက်ရှိကာ မေလ ၆ ရက်နေ့တွင် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်၍ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်ပြီး ဆောင်ရွက်သွားမည့် အချက်လေးချက်ကို ဆုံးဖြတ်ခဲ့ကြသည်။

မေလ ၈ ရက်နေ့မှစတင်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်၍ အနီးကပ်စောင့်ကြည့်နိုင်ရန်၊ လျင်မြန်စွာတုံ့ပြန်နိုင်ရန်အတွက် Disaster Management Center ဖွင့်လှစ်ပြီး စောင့်ကြည့်လျက်ရှိသည်။ ထို့အပြင် တပ်မတော်အပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်ရင်းတပ်ဖွဲ့များအား သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အမိန့်စောင့်စရာမလိုဘဲ ပြည်သူလူထုအား အမြန်ဆုံးကူညီရမည်ဟု ညွှန်ကြားထားသည်။ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်ဦးစီးပြီး လုပ်ငန်းကော်မတီကို ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)တို့က ဦးစီးဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ပြည်သူများ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြင့် ကျော်လွှားနိုင်ရေးအတွက် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ မုန်တိုင်းနှင့်ပတ်သက်၍ ဝင်ရောက်လာနိုင်သည့် လမ်းကြောင်းများကို ခန့်မှန်းထားပြီး အကယ်၍ လမ်းကြောင်းအတိုင်း မဝင်ရောက်ပါက ကြိုတင်ပြင်ဆင်ထားနိုင်သည့် အကျိုးကျေးဇူးများရမည်ဖြစ်သည်။ မုန်တိုင်းမဝင်ရောက်မီ ပြင်ဆင်သည့်လုပ်ငန်းများ၊ ရွှေ့ပြောင်းသည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးတွင် အသုံးပြုမည့်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ အစားအသောက်များ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များစသည်တို့ကို ယခုကတည်းက တည်မြဲအမိန့်ပါအတိုင်း သက်ဆိုင်ရာအဖွဲ့များပေါင်းစပ်ကာ တာဝန်များခွဲဝေစီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းအစရှိသော သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အတွေ့အကြုံများရှိထားပြီးဖြစ်ရာ သဘာဝဘေးနှင့်ပတ်သက်သည့် အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာယူ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ရှစ်မှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၈**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဒေါ်သင်းသင်းနွဲ့ တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၁၇/၂၀၂၂ (ရခိုင်)၊ ၁၈/၂၀၂၂ (ရခိုင်)၊ ၅၄/၂၀၂၂ (မကွေး)၊ ၅၅/၂၀၂၂ (မကွေး)၊ ၁၆/၂၀၂၁ (ပဲခူး) ၊ ၂၇/၂၀၂၂ (ပဲခူး)၊ ၄၄/၂၀၂၂ (ကချင်) နှင့် ၅၆/၂၀၂၂ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု ရှစ်မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၄၃/၂၀၂၀ (ရန်ကုန်)၊ ၃၃/၂၀၂၂ (မန္တလေး)နှင့် ၃၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၉ / ၂၀၂၃ )**

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်
( ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက် )

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်၊ အာခါဈေးလမ်း၊ အမှတ် (၂၈၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၄) ဖြစ်ပါသည်။

**(ပုံ) သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈ - ၅ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၄၂၂ | ၃,၄၆၀,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၁,၁၂၂ | ၃,၁၉၇,၇၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၅ | ၃၅,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၁,၈၄၄ | ၂,၇၆၃,၀၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၀၀ | ၁,၂၅၀,၀၀၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၈ | ၁၃၇,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၈**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၃၁၅.၅ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၃.၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၂.၀၂၉ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၂၉ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၇၂ |
| ( ဆ ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၄.၅ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၅.၀ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၅.၃ |
| ( ည ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၇၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**○ ရှေ့ဖုံးမှ**

ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးမှုများ ဆောင်ရွက်ပြီး ခေတ်မီစက်ယန္တရားများအသုံးပြု၍ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိမှု၊ ကန်တော်တူးဖော်ရာတွင် ထွက်ရှိလာသည့် သဲနုန်းများအား စနစ်တကျဖြင့် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကန်တော်အတွင်းရှိ မင်္ဂလာရှမ်းကန်ရေလယ်ဘုရားနှင့် ဘုရားကျောင်းဆောင်ကို အဆင့်မြှင့်တင် တည်ဆောက်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်မင်္ဂလာရှမ်းကန်သည် ပျဉ်းမနားမြို့၏ ကျက်သရေဆောင် ကန်တော်တစ်ခုဖြစ်ပြီး အမည်နာမနှင့် လိုက်ဖက်ညီအောင် မင်္ဂလာရှိသည့် ကန်တော်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက် စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်း၊ နိုင်ငံ၏မြို့တော်ဖြစ်သည့် နေပြည်တော်ကို သာယာလှပမှုရှိစေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပျဉ်းမနားမြို့ကိုလည်း ယခင်ကထက် သာယာလှပပြီး အဆင့်မီသည့် မြို့တစ်မြို့ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြို့နေပြည်သူလူထုကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ကန်အဆင့်မြှင့်တင် တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးပါကလည်း ရေပြန်လည်ဖြည့်တင်းသွားမည့် အစီအမံများကို ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း၊ နေပြည်တော်

❖ **ကန်တော်မင်္ဂလာရှမ်းကန် ပတ်လမ်းကိုလည်း လမ်းပခုံးများ စနစ်တကျရှိစေရေး၊ အများပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေး၊ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်အနားယူခြင်းများ ပြုလုပ်နိုင်ရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်**

❖ **ကန်တော်အတွင်းရှိ ရှင်ဥပဂုတ္တကျောင်းဆောင်တော်ကိုလည်း လမ်းပခုံး၏အထက်သို့ ရောက်ရှိသည်အထိ မြှင့်တင်ရန်နှင့် ပြန်လည်ဒီဇိုင်းရေးဆွဲ၍ ပြုပြင်သွားရန်လို**

❖ **ကန်၏ အလယ်လျှောက်လမ်းကိုလည်း လူအများသွားလာနိုင်သည်အထိ တိုးချဲ့သွားရန်နှင့် ပြန်လည်အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ ကန်ပတ်လည်ရှိ ရေနုတ်မြောင်းများကိုလည်း ပြန်လည်ပြုပြင်သွားရန်လို**

❖ **လာမည့် ပွင့်လင်းရာသီများတွင် ကျောက်စီမြေထိန်းနံရံအထိ အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုတင်စီမံ**

ကောင်စီနယ်မြေအတွင်း ရေရရှိနိုင်မည့်နေရာများကိုလည်း သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း၊ မိုးတွင်းကာလတွင် ရရှိလာသည့် ရေများကို အဟောသိကံ မဖြစ်ရအောင်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကန်တော်များအတွင်း ရေများပြည့်နေစေရေးသာမက စိုက်ပျိုးရေများ ပြည့်ဝစွာရရှိရေးအတွက်ကိုလည်း စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်၊ မိမိတို့၏ဒေသ၊ မိမိတို့၏ မြို့သန့်ရှင်းသာယာလှပစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ခြင်းမှသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သာယာလှပမှုရှိလာစေရေး ကိုယ်စီကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ကန်တော်မင်္ဂလာရှမ်းကန် အဆင့်မြှင့်တင်တူးဖော်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆင့်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန်တော်မင်္ဂလာရှမ်းကန် ပတ်လမ်းကိုလည်း လမ်းပခုံးများ စနစ်တကျရှိစေရေး၊ အများပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေး၊ စိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်အနားယူခြင်းများ ပြုလုပ်နိုင်ရေးတို့ကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန်လိုကြောင်း၊ ကန်တော်အတွင်းရှိ ရှင်ဥပဂုတ္တကျောင်းဆောင်တော်ကိုလည်း လမ်းပခုံး၏ အထက်သို့ ရောက်ရှိသည်အထိ မြှင့်တင်ရန်နှင့် ပြန်လည်ဒီဇိုင်းရေးဆွဲ၍ ပြုပြင်သွားရန်လိုကြောင်း၊ ကန်၏ အလယ်လျှောက်လမ်းကိုလည်း လူအများသွားလာနိုင်သည်အထိ တိုးချဲ့သွားရန်နှင့် ပြန်လည်အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ ကန်ပတ်လည်ရှိ ရေနုတ်မြောင်းများကိုလည်း ပြန်လည်ပြုပြင်သွားရန်လိုကြောင်း၊ လာမည့် ပွင့်လင်းရာသီများတွင် ကျောက်စီမြေထိန်းနံရံအထိ အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ကြိုတင်စီမံသွားရန်လိုကြောင်း၊ သန့်ရှင်းသာယာလှပမှုရှိစေရေး အမြဲမပြတ် ဆောင်ရွက်ရန်နှင့် ကန်ပတ်လမ်းတစ်လျှောက် စိန်ပန်း၊ ပိတောက်၊ ခရေစသည့် သစ်ပင်ကြီးများ၊ ပန်းမန်များကို စိုက်ပျိုးကာ စိတ်ချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရန်လိုကြောင်း၊ သစ်ပင်များ အလင်းဖွင့်ခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ရုံးအမှတ်(၃၅)ရှိ လောကနတ်ခန်းမ၌ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးဖိုးချစ် အပါအဝင် အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးတို့ကို မိတ်ဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်၍ သက်ဆိုင်ရာအစည်းအရုံးတို့၏ လိုအပ်ချက်များကို အစဉ်တစိုက် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင်များ၏ ဘဝရပ်တည်မှုအတွက် လိုအပ်နိုင်သော ငွေကြေးထောက်ပံ့မှုများကို နိုင်ငံတော်၏ ချေးငွေအဖြစ် မြန်မာနိုင်ငံ သဘင်အစည်းအရုံး၏ လုပ်ငန်း ၈၈၂ ခုအတွက် စုစုပေါင်း ၄ ဒသမ ၄၁၆၅ ဘီလီယံကို ကိုဗစ်ချေးငွေ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုအခါ ချေးငွေပြန်ဆပ်ရမည့် သက်တမ်း ကာလကိုလည်း သက်တမ်း တစ်နှစ် ထပ်မံတိုးမြှင့်ရန်အတွက် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီသို့ ညှိနှိုင်းတင်ပြထားပြီး ဖြစ်ပါကြောင်း၊ ယနေ့တွေ့ဆုံပွဲအခမ်းအနားသည် မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌအပါအဝင် ဗဟိုကော်မတီ တာဝန်ရှိသူများအနေဖြင့် သဘင်အစည်းအရုံးမှ ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်၍ ရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပေးရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို)အနေဖြင့် သဘင်အနုပညာရှင်များ၏အကျိုးကို ရှေးရှု၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် ဝန်ထမ်းများနှင့် တွေ့ဆုံ



**ရန်ကုန် မေ ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)ရှိ တာဝန်ခံနှင့် ဝန်ထမ်းများကို တွေ့ဆုံခဲ့ပြီး မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံမှာကြားသည်။

**မှာကြား**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သဘာဝဘေး အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပဲခူးမြစ်မှ ဒီရေလျှံတက်ဝင်ရောက်လာမည့်နေရာများတွင် ဒီရေဝင်ရောက်မှု ကာကွယ်နိုင်ရန် သဲအိတ်များ စနစ်တကျပြုလုပ်၍ ကာရန်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ရေချိုသိုလှောင်ထားသောကန်များအတွင်း ပင်လယ်ဒီရေ ရေငန်များ ဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖို့၍ ကြိုတင်ကာကွယ် စီမံဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားရိုးရာအိမ်များ၏ ခြံဝင်းထဲရှိ ပြိုလဲနိုင်ခြေရှိသောအပင်ကြီးများကို ကြိုတင်၍ အကိုင်းအခက်များ ခုတ်ထွင်းရှင်းလင်းထားရန်လိုပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လျှပ်စစ်မီး၊ ထရန်စဖော်မာများအား မိန်းခလုတ်ကြိုတင်ပိတ်ထားရန်လည်း လိုပါကြောင်း၊ ရုံးဌာနရှိ အရေးကြီးစာရွက်စာတမ်းများကို ဦးစားပေး(၁)၊ (၂) စသည်ဖြင့်မိုးဒဏ်၊လေဒဏ်ကာကွယ်သောနေရာများသို့ ပြောင်းရွှေ့ထားရန် မှာကြားလိုပါကြောင်း၊ ရှေးဦးသူနာပြုအဖွဲ့မှ လိုအပ်သည့်ဆက်စပ်ပစ္စည်းများအားဝယ်ယူပြီး စနစ်တကျ စုဆောင်းပြင်ဆင်ဆောင်ရွက်ထားရန် မှာကြားလိုပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆက်သွယ်ရေး ပြတ်တောက်မှုများမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဘေး(စီမံ)ကော်မတီများနှင့် ဆက်သွယ်ဆောင်ရွက်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း မှာကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် ဝန်ထမ်းများက ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ တည်ဆောက်ပြီး ဆိပ်ခံဖောတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးမြို့၌ တန်ဖိုးသင့်အခြေခံစားသောက်ကုန်များ အထူးဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကလေး မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင်ပြည်သူများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် တိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် တန်ဖိုးသင့်အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက တောင်ဇလပ်ရပ်ကွက် ဗန္ဓုလလမ်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချပေးရာတွင် ဆန်တစ်ပြည်၊ ဆီ ၁၀ ကျပ်သား၊ ကြက်ဥ ငါးလုံးတို့ကို စုစုပေါင်းတန်ဖိုးငွေကျပ် ၃၀၀၀ နှုန်းဖြင့် အထုပ် ၃၀၀ ကို နံနက် ၈ နာရီမှစတင်၍ ရောင်းချပေးခဲ့ရာ အထူးဈေးနှုန်းချိုသာစွာ ရောင်းချပေးသောကြောင့် ဝယ်ယူသူများမှာ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထို့သို့ရောင်းချပေးရာတွင် ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ လိုက်နာမှုရှိစေရန်နှင့် ပြည်သူများ အေးချမ်းစွာဝယ်ယူနိုင်စေရန်အတွက် အနီးကပ်ကြီးကြပ်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၈**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။






ရှေးဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးရဲနိုင်က သင်တန်းသားများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် မျိုးဆက်သစ်များဖြစ်ပြီး ပညာဌာန ရှစ်ခုမှ ပို့ချမည့် ဘာသာရပ်များကို ကြိုးစားအားထုတ် လေ့လာရန် လိုပါကြောင်း၊ သင်တန်းကာလအတွင်း အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် အလေ့အထကောင်းများရရှိရန် လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး **"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်"** ဆိုသည့် ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများဖြစ်စေရန် ကျင့်ကြံနေထိုင်ကြရန်နှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ သစ္စာရှိမှုတို့ဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အရာထမ်းလောင်း (အထူး) သင်တန်း အမှတ်စဉ်(၁၀)သို့ အရာထမ်းလောင်း အမျိုးသား ၈၄ ဦး၊ အမျိုးသမီး ၂၀၆ ဦး စုစုပေါင်း ၂၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၆ ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖

# စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် မွမ်းမံသင်တန်းများစီမံခြင်းကို အကြိုလုပ်ငန်းများအဖြစ် ဆောင်ရွက်ထားရန်လို



**နေပြည်တော် မေ ၈**

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆောက်အအုံလုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းများ စီမံဆောင်ရွက်မှုနှင့်အတူ သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုမြှင့်တင်ခြင်းနှင့် လိုအပ်သည့် မွမ်းမံသင်တန်းများစီမံခြင်းကို အကြိုလုပ်ငန်းများအဖြစ် ဆောင်ရွက်ထားရန်လိုကြောင်း၊ လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ လုံခြုံရေးတို့ကိုပါ ကြိုတင်မျှော်မှန်း ထည့်သွင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းနှင့် တာဝန်ရှိသူများက ဇီဝလုံခြုံမှုအဆင့်-၂ ခွာနာ လျှာနာရောဂါရှာဖွေရေး ဓာတ်ခွဲခန်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အသစ်တည်ဆောက်မည့် ဇီဝလုံခြုံမှုအဆင့်-၃ ရောဂါရှာဖွေရေးဓာတ်ခွဲခန်း စီမံကိန်းလုပ်ငန်းအခြေအနေ၊ ရွှေမြို့မွေးမြူရေးဇုန်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မွေးမြူရေးပညာနှင့် ကုသရေးပညာများ ဟန်ချက်ညီဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က လျှပ်စစ်ဆည်တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ထားရှိမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အစားအစာ ဘေးကင်းလုံခြုံမှုရှိသော မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးအာမခံချက်ရှိသော မြန်မာ့မွေးမြူရေးထွက်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ဝင်ဆံ့လာရေးအတွက် ပညာရှင်များအပိုင်းက ကြိုးပမ်းအားထုတ်ကြရန် လိုအပ်ချက်များ၊ ဓာတ်ခွဲခန်းဝန်းကျင် စိမ်းလန်းသာယာရေးအတွက် ရေရရှိမှုနှင့် အပင်ဖြစ်ထွန်းနိုင်မှုအပေါ်မူတည်၍ လေကာပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးရန်၊ တိရစ္ဆာန်အစာပင် မျိုးပွားခြင်း၊ မျိုးစေ့ထုတ်စိုက်ပျိုးခြင်းအတွက် အခြားဒေသခြံများနှင့် ရာသီအလိုက် အလှည့်ကျစိုက်ပျိုးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇီဝလုံခြုံမှုအဆင့်-၂ ခွာနာလျှာနာရောဂါရှာဖွေရေး ဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လုပ်ငန်းခွင်ဝင် အကြိုသင်တန်း(၁/၂၀၂၃) ဖွင့်လှစ်ပို့ချပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံ၏ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စပ်မျိုးနေကြာ သုတေသနလုပ်ငန်းများ၊ မျိုးစေ့နမူနာများ ခင်းကျင်းပြသထားမှုကိုလည်းကောင်း၊ စပ်မျိုးနေကြာ မျိုးပွားစိုက်ပျိုးနေမှု၊ ဥဇဘက်ကစ္စတန်နိုင်ငံမှ တင်သွင်းလာသော ချည်မျှင်ရှည်ဝါမျိုးသစ်များ စမ်းသပ်စိုက်ပျိုးရန် မြေပြုပြင်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မြန်မာနိုင်ငံတွင် စမ်းသပ်စိုက်ပျိုးရန် ဥဇဘက်ကစ္စတန်နိုင်ငံမှ ဝါမျိုးတစ်မျိုးလျှင် ၃၂ ကီလိုနှုန်းဖြင့် ဝါမျိုး ရှစ်မျိုး စုစုပေါင်း ၂၅၆ ကီလိုကို ၂၀၂၃ ဧပြီလတွင် လက်ခံရရှိခဲ့ပြီး အအေးခန်းသိုလှောင်ရုံတွင် စနစ်တကျ သိုလှောင်ထားရှိကြောင်း၊ ဝါမျိုးရှစ်မျိုး စမ်းသပ်စိုက်ပျိုးခြင်းကို တပ်ကုန်း၊ ပွင့်ဖြူ၊ အောင်လံ၊ ရမည်းသင်း၊ မင်းဘူး၊ တောင်တွင်းကြီး၊ မြစ်သား၊ လွန်ကျော်နှင့် ရွှေတောင်ခြံများတွင် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီတွင် ၁၆ ဧကနှင့် မိုးနှောင်းရာသီတွင် ၁၃ ဧက စုစုပေါင်း ၂၉ ဧက စမ်းသပ်စိုက်ပျိုးသွားမည်ဖြစ်ပြီး အပင်ဖြစ်ထွန်းမှုဆိုင်ရာလက္ခဏာများ၊ ပြင်ပသွင်ပြင် လက္ခဏာများ၊ အထွက်နှုန်းနှင့် အထွက်နှုန်း မိတ်ဖက်လက္ခဏာများ၊ ဂွမ်းမွေးနှင့် ချည်မျှင်အရည်အသွေးဆိုင်ရာ လက္ခဏာများကို မှတ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းနှင့် ဘင်ခရာသင်တန်း ဖွင့်ပွဲကျင်းပ



**မုံရွာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းနှင့် ဘင်ခရာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းသား ကျောင်းသူများ၏ နွေရာသီကျောင်း ပိတ်ရက်များတွင် အချိန်ကို အလဟဿမဖြစ်စေဘဲ အကျိုးရှိစွာအသုံးချနိုင်ရန်နှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ လူတို့၏အခြေခံကျင့်ဝတ်များ၊ လောကနီတိ၊ ပြည်သူ့နီတိ၊ ထုံးစလေ့၊ ၃၈-ဖြာ မင်္ဂလာတို့ကို ကျောင်းသား ကျောင်းသူများအား သင်ကြားပို့ချပေးမည့် နွေရာသီရက်တိုသင်တန်းဖြစ်ပါကြောင်း။ ဘင်ခရာကျွမ်းကျင်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်၊ စည်းကမ်းကောင်းမွန်၍ အမိန့်နာခံတတ်စေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ကျန်းမာကြံ့ခိုင်စေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ယခုနွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ဘင်ခရာသင်တန်းများ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နွေရာသီယဉ်ကျေးလိမ္မာ သင်တန်းသား သင်တန်းသူများအတွက် ယဉ်ကျေးလိမ္မာလက်စွဲစာအုပ်၊ တီရှပ်အင်္ကျီများနှင့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဘင်ခရာ သင်တန်းသား သင်တန်းသူများအတွက် ဘင်ခရာ ဝတ်စုံများနှင့် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း သင်တန်းသား သင်တန်းသူများထံ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ အဆိုပါ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် မုံရွာမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ၁၆၀ ကို မေ ၈ ရက်မှ ၁၂ ရက်အထိ လည်းကောင်း၊ ဘင်ခရာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၇၄ ဦးကို မေ ၈ ရက်မှ ၂၁ ရက်အထိ လည်းကောင်း ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် မေ ၈**

ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး ဟောပြောပွဲနှင့် လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ၅ နှစ်တာ အစီအမံများ ရေးဆွဲနိုင်ရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦးက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒသုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက် အတွင်းဝန်/ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြင်ပပညာရှင်များနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ကွန်ပျူတာနှင့် ဆိုက်ဘာကျွမ်းကျင်သူ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒသုံးသပ်ဆွေးနွေးပွဲကို မေ ၈ ရက်မှ ၁၀ ရက်အထိ ဆိုက်ဘာကျွမ်းကျင်သူ ပညာရှင်များ၏ ဆွေးနွေးမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကွန်ပျူတာ၊ ဆိုက်ဘာကျွမ်းကျင်သူ အရာထမ်း၊ အမှုထမ်းများ၏ အပြန်အလှန်အတွေ့အကြုံဖလှယ် သုံးသပ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိုစာ

အန်ကယ်ပညာ

မကြာသေးသည့် တစ်နေ့သောနံနက်ခင်းတွင် ရေစကြိုမြို့နယ်မှ စာပေမိတ်ဆွေတစ်ဦးဖုန်းဆက်လာသည်။ စာပေမိတ်ဆွေဟုဆိုသော်လည်း လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်က ဝင်းထရံသာခြားသည့် အိမ်နီးချင်းများဖြစ်ခဲ့ကြ၍ မိသားစုချင်းပါ အလွန်ရင်းနှီးသည့် မိတ်ဆွေရင်းဖြစ်လေ၏။

သာကြောင်းမာကြောင်းနှင့် ရှေးဟောင်းနှောင်းဖြစ်များကို ဝမ်းမြောက်တသစွာ ပြောကြရင်း ထိုသူက "ခုတလော ဘာတွေလုပ်ဖြစ်တုံး"ဟု ဆိုလေ၏။ စာသမားအချင်းချင်း အာလာပသလ္လာပမှ အလုပ်သဘောဘက်သို့ဦးတည်ကြရန် မြောင်းပေးလာခြင်းဖြစ်၍ "စာအုပ်လေးတစ်အုပ်ဖြစ်မလားလို့ ရတဲ့အချိန်လေးကြိုးစားနေပါတယ်"ဟု အလိုက်သင့်ဖြေလိုက်၏။

"စာအုပ်က ကဗျာလားဗျ"

"ကဗျာကို စာအုပ်ဖြစ်လောက်အောင် ရေးနိုင်တဲ့အရည်အချင်း မရှိသေးပါဘူးဗျာ၊ ဝတ္ထုတိုပေါင်းချုပ်လေးများဖြစ်မလားလို့ပါ"

"ဘာပဲဖြစ်ဖြစ် ရေးဖြစ်တယ်ဆိုရင်ကို ဟုတ်လှပါပြီဗျာ၊ ကျွန်တော်တော့ အရေးထက် အဖတ်ဘက် အားသန်နေသဗျ။ ဖတ်ရတဲ့အရသာက တယ်ကောင်းသကိုးဗျ"

### သူတစ်ပါးဖန်တီးထားသည့်အနုပညာ

အမှန်အားဖြင့် ထိုသူပြောလိုက်သည့်စကားသည် ကျွန်တော်ပြောလိုရင်းစကားပင်ဖြစ်၏။ စာပေကို ဝါသနာပါသည်မှန်သော်လည်း ကိုယ်တိုင်ရေးသားရခြင်းထက် သူတစ်ပါးဖန်တီးထားသည့်အနုပညာတွင် အခန့်သား ဖတ်ရှုစီးမျောရသည်က ပို၍အရသာရှိလှ၏။ အရေးနှင့်အဖတ် အချိန်ပေးရသည်ချင်းတူသော်လည်း စာမရေးဖြစ်စေသည့် အကြောင်းပြချက်များက စုံလင်စွာရှိနှင့်ပြီးဖြစ်ကြ၏။ တစ်ခါတစ်ရံ အကြောင်းပြချက်ရှာမရဘဲ မရေးဖြစ်သည်လည်းရှိပြန်၏။ စာသမားတစ်ယောက်အတွက် စာရေးဖို့အရေး ဤသို့ယောင်ချာချာဖြစ်လာချိန်မျိုးတွင် တွေ့သည့်စာအုပ်တစ်အုပ်ကိုကောက်ကိုင်လျက် ဖတ်မိလျက်သားဖြစ်သွားလေ့ရှိ၏။

ဤသို့အားဖြင့် အရေးအတွက်တွေးလျက် အချိန်ကုန်မခံတော့ဘဲ လက်တွေ့ဖြစ်သည့် အဖတ်ဘက်လိုက်ရင်း အဖတ်၏အရသာကို ပြန်မထချင်အောင်ဖမ်းစားပြန်လေ၏။ ဤသို့ပြုလိုက်ရသည့်အတွက် လုံးလုံးလျားလျား ကျေနပ်လှသည်ကား မဟုတ်လှပေ။ ဖတ်နေစဉ် အရသာရှိလှသည်မှန်၏။ ဖတ်ပြီးပြန်စဉ်းစားချိန်တွင်လည်း မူလအရသာမပျောက်သည်လည်းမှန်၏။ ထိုအကြောင်းအရာတို့ကို မေ့ပျောက်၍ စာမရေးဖြစ်သည့်အကြောင်းကို တွေးမိသည့်အချိန်တွင်မူ တစ်ခုခုလိုနေသလိုဖြစ်လာ၏။ ဆိုးသည်မှာ ကိုယ့်ကိုယ်ကိုယ် ဌာနကင်းကွာတစ်ဦး၊ တာဝန်မကျေသူတစ်ဦးအဖြစ် ထင်လာခြင်းဖြစ်၏။ အဘယ်မှာလျှင် ကျေနပ်စရာရှိနိုင်ပါအံ့နည်း။

သို့ရာတွင် ဤခံစားချက်ကိုပင် တစ်ဖက်ကလှည့်တွေးလျှင် စာရေးသည့်အလုပ်အတွက် စေတနာဦးဆောင်လျက်ရှိနေသေးသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ၏။ ထိုစေတနာကို ရှေ့တန်းတင်လျက် စာရေးစားပွဲထိုင်ဖြစ်အောင်ထိုင်ကြည့်၏။ ရေးဖြစ်အောင် ရေးကြည့်၏။ ဈာန်မဝင်၊ လက်မသွက်တော့သည်ကို သတိထားမိ၏။ လုံးလုံးမရေးဖြစ်သည်နှင့်စာလျှင် အရွေ့တစ်ခုရှိနေသေး၍ တော်ပေသေး၏။ နေးကွေးသည့် ထိုအရွေ့တွင် ထူးခြားသည့်ပြောင်းလဲမှုတစ်ခုကို တွေ့ရပေသည်။ ယခင်က ဝတ္ထု၊ ဆောင်းပါးရေးသားခြင်းကိုသာ အားသန်ခဲ့ရာမှ စာရေးစားပွဲပြန်အထိုင်တွင် ကဗျာရေးရန် အာသီသပြင်းပြလာခြင်းဖြစ်၏။

### စံပြုလေ့လာဖြစ်သည့်စာအုပ်များ

ထိုချင်ခြင်းကို ဖြေဖျောက်ရန် ဆရာကြီးဇေယျာ၏ "ကဗျာစပ်ချင်အတတ်သင်"ဟူသည့် မြန်မာကဗျာဂန္ထဝင်စပ်ထုံးစာအုပ်ကို ဆရာအရာထား၍လေ့လာဖြစ်၏။ ထိုစာအုပ်ကို ဆရာကြီးဇေယျာဇ်ကိုယ်တိုင် ၂၅-၃-၂၀၁၉ ရက်နေ့ကတည်းက စာပေလက်ဆောင်အဖြစ်ပေးခဲ့ခြင်းဖြစ်သော်လည်း လေးနှစ်ခန့်အကြာမှ ဖတ်ရှုလေ့လာဖြစ်ရန် အကြောင်းတိုက်ဆိုင်ခဲ့သည်ကိုလည်း ရိုးသားစွာဝန်ခံရပေဦးမည်။ ကဗျာအတွက် စံပြုလေ့လာဖြစ်သည့်စာအုပ်များမှာ မာန်လည်ဆရာတော်ဘုရားကြီး၏ "မဃဒေဝလင်္ကာသစ်"နှင့် နန်းညွန့်ဆွေ၏ "ဟံသာဝတီဆုံးမစာပေါင်းချုပ်"စာအုပ်တို့ပင်ဖြစ်၏။ အခြားသော ဆရာ၊ ဆရာမကြီးများ၏ လက်ဆောင်ကဗျာစာအုပ်များရှိသော်လည်း နေရာ၊ ဌာနအပြောင်းအရွှေ့များကြောင့် အကွဲကွဲအပြားပြားဖြစ်နေသော သေတ္တာများတွင်ပင် ရှိနေသေးသဖြင့် စံမပြုနိုင်သည်ကို သည်းခံခွင့်လွှတ်နိုင်ကြလိမ့်မည် ထင်ပါ၏။

"အမှန်အားဖြင့် ထိုသူပြောလိုက်သည့်စကားသည် ကျွန်တော်ပြောလိုရင်းစကားပင်ဖြစ်၏။ စာပေကို ဝါသနာပါသည်မှန်သော်လည်း ကိုယ်တိုင်ရေးသားရခြင်းထက် သူတစ်ပါးဖန်တီးထားသည့်အနုပညာတွင် အခန့်သား ဖတ်ရှုစီးမျောရသည်က ပို၍အရသာရှိလှ၏။ အရေးနှင့်အဖတ် အချိန်ပေးရသည်ချင်းတူသော်လည်း စာမရေးဖြစ်စေသည့် အကြောင်းပြချက်များက စုံလင်စွာရှိနှင့်ပြီးဖြစ်ကြ၏။ တစ်ခါတစ်ရံ အကြောင်းပြချက်ရှာမရဘဲ မရေးဖြစ်သည်လည်း ရှိပြန်၏။ စာသမားတစ်ယောက်အတွက် စာရေးဖို့အရေး ဤသို့ယောင်ချာချာဖြစ်လာချိန်မျိုးတွင် တွေ့သည့်စာအုပ်တစ်အုပ်ကိုကောက်ကိုင်လျက် ဖတ်မိလျက်သားဖြစ်သွားလေ့ရှိ"

ဤနေရာတွင် မည်သည့်အတတ်ပညာမဆို "လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲဆင်" ဆိုသည့်ဆောင်ပုဒ်အတိုင်း အောင်ပွဲဆင်နိုင်ရန်လေ့ကျင့်ခြင်းဖြင့် စတင်ရမည်ဖြစ်ကြောင်းကို ဆက်စပ်ပြောလိုသေး၏။ ဆိုခဲ့သည့်အတိုင်း ဆရာအရာထားသည့် ကဗျာစပ်ထုံး၊ လေ့လာဖြစ်သည့် စံပြုစာအုပ်များအားကိုးဖြင့် စိတ်ကူးတည့်ရာတို့ကို ကဗျာအဖြစ် ပုံဖော်ကြည့်၏။ ဟုတ်လှပြီအထင်နှင့် ထိုကဗျာစာမူအကြမ်းလေးများကို ဖုန်းဆက်လာသည့်စာပေမိတ်ဆွေထံ ပေးပို့၍ ဝေဖန်ချက်တောင်းခံကြည့်ရာ ကာရန်မလွတ်သော်လည်း ဖတ်ရသည်မှာ အသံမသာဘဲ အတော်ကြမ်းသည့် စာမူဖြစ်နေသေးကြောင်း တည့်တည့်ဝေဖန်လေ၏။ ကျေးဇူးတင်လှပေသည်။ ဤမျှလောက်သော အလေ့အကျင့်မျှဖြင့် ကျွမ်းကျင်မှုအတောင် ဘယ်မှာပေါက်နိုင်ပါအံ့နည်း။

ထိုသူက ပုပ္ပါးဦးကျော်ရင်၏ "ကဝိဘာရတီကျမ်း-ပထမတွဲ"ကို ရှာဖွေဖတ်ကြည့်ရန်အကြံပေး၏။ ရန်ကုန်သို့ လှမ်းမှာရာ ပထမတွဲနှင့် ဒုတိယတွဲပေါင်းထားသည့် နှစ်တွဲပေါင်းချုပ်စာအုပ်ရလေ၏။ ထိုစာအုပ်ရပြီဖြစ်ကြောင်းကိုလည်း လွန်ခဲ့သည့်တစ်လက ထိုသူအားပြောဖြစ်ခဲ့၏။ ယခုဖုန်းဆက်ချိန်တွင် "ဘယ့်နှယ်တုံး၊ ကဝိဘာရတီကျမ်း ဖတ်ပြီးပြီလား"ဟု မေးလေ၏။ လေးနက်သည့်အကြောင်းအရာဖြစ်၍ အချိန်ယူကာ ဖတ်တုန်းဖတ်ဆဲဖြစ်ကြောင်းပြောဖြစ်၏။ ထိုသူက "တစ်ခန်းကျေမှ တစ်ခန်းတက်ဗျာ၊ ဒီကျမ်းကျေရင်တော့ စွယ်စုံရပညာရှင်ဖြစ်ပြီဗျ"၊ "ဆရာပြောသလို ကျမ်းကျေရင်တော့ထားပါတော့၊ ဘာအစွယ်မှ မရှိသေးတဲ့လူက ဘယ်လိုလုပ် စွယ်စုံဖြစ်လိမ့်မတုံး"၊ "ထားပါဗျာ၊ စွယ်စုံဖြစ်တာ မဖြစ်တာထက် ကဗျာရေးဖို့အတွက်တော့ သေချာပေါက် အထောက်အကူပြုပါလိမ့်မယ်၊ ပြီးတော့ ဒီစာမျိုးက အိုစာလို့ခေါ်တယ်ဗျ"။ ပုပ္ပါးဦးကျော်ရင်၏ "ကဗျာ့မျက်လုံး-ဗျာကရုဏ်း"ခေါ် "ကဝိဘာရတီကျမ်း"တွင် ပထမတွဲ၌ ကဗျာ ၃၇ မျိုး၊ ဒုတိယတွဲတွင် ကဗျာအမျိုး ၃၀ တို့၏ ကဗျာတစ်မျိုးချင်းအလိုက် အဓိပ္ပာယ်၊ ပုံစံနှင့် ရေးနည်းတို့ကိုအသေးစိတ်ဖော်ပြထား၏။ ထို့အပြင် ကဗျာဆရာတို့၏ ဂုဏ်အင်္ဂါနှင့် ကဗျာကို အရသာပေါ်အောင်လုပ်နည်းတို့ကိုလည်းတွေ့ရ၏။ စာမျက်နှာ ၆၂၇ မျက်နှာပါရှိသော ထိုကျမ်းသည် အချိန်ယူလေ့လာကျက်မှတ်၍ အရေးအကျင့်များမည်ဆိုပါက ထိုသူပြောသကဲ့သို့ ကဗျာရေးရန် သေချာပေါက်အထောက်အကူပြုမည်မှာ အမှန်ဖြစ်ပါ၏။

### အိုစာဝေါဟာရသည် စာပေထက် ဘဝဘက်သို့ ပို၍နွှယ်

သို့ရာတွင် ထိုသူ၏ ထိုစာအုပ်ကိုအကြောင်းပြု၍ ပြောခဲ့သော "ဒီစာမျိုးက အိုစာလို့ခေါ်တယ်" ဟူသည့်စကားသည် စာပေနှင့်ဆိုင်သည့် အလုပ်သဘောထက် ပို၍လေးနက်နေ၏။ "အိုစာ"ဆိုသည့် ဝေါဟာရသည် စာပေထက် ဘဝဘက်သို့ ပို၍နွှယ်သည်ထင်၏။ ထိုသူ၏ "အိုစာ"ဆိုသည်မှာ အိုသည့်အချိန်အတွက် ကြိုတင်လေ့လာထားရမည့် စာလော၊ အိုချိန်ရောက်မှ ဖတ်ရှုရမည့်စာလော၊ အိုစပြုသူများ လက်ကိုင်ပြုရမည့်စာလော၊ လူအိုများ အဖော်ပြုရမည့်စာလော၊ အိုချိန်အတွက် ထိုစာမျိုးသည် အကောင်းဆုံးအဖော်ဖြစ်သည်ဟုဆိုချင်သလော၊ ထိုစာကို ယခုအချိန် လေ့လာလိုက်နာလေ့ကျင့်ရာမှ ရရှိလာမည့် အတတ်ပညာဖြင့် နောင်တစ်ချိန်တွင် လူထုကို အကျိုးပြုနိုင်သည်ဟု ဆိုလိုသလော။ ထိုသူကိုလည်း ပြန်မမေးမိ။ အဓိပ္ပာယ်ဖွင့်ဆိုရန်လည်း ခက်၍နေ၏။ ။

## လှိုင်ကော်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

လှိုင်ကော် မေ ၈

စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အထက(ချိကယ်)နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ကယားပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ (KG+9) အောင်မြင်ထားသော ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ယူနိုင်ရန် သက်မွေးပညာရပ်တစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အထက(ချိကယ်)ကို လှိုင်ကော်မြို့၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အတန်းပညာ၊ အတတ်ပညာနှင့် အသိပညာများ မြင့်မားလာစေရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများက ပူးပေါင်းပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် လှိုင်ကော်မြို့၌ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အထက(ချိကယ်)နှင့် ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ Power Point များဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်အစိုးရအဖွဲ့က ပံ့ပိုးကူညီ ဖြည့်ဆည်းပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ မှာကြားသည်။

စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း အထက(ချိကယ်)ကို ဇွန် ၁ ရက်မှစ၍ သင်ကြားပို့ချပေးသွားဖြစ်ကြောင်း၊ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မေ ၅ ရက်မှ ၁၈ ရက်အထိ လျှောက်လွှာတင်သွင်းနိုင်ရန် ကြေညာထားရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ကလောမြို့အား ထင်းရှူးမြို့တော် ဖြစ်စေရေး ထင်းရှူးပျိုးပင်များ စိုက်ပျိုးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မှာကြား



နေပြည်တော် မေ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကူပြင်ကြိုးဝိုင်း အကွက်အမှတ်(၁၃)ရှိ ၁/၂၀၂၂ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၁၀ ရှင်သန်အောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်းများ တည်ထောင်ရန်အတွက် ကျွန်းမျိုးကောင်း မျိုးသန့်အစေ့များ ကြိုတင်စုဆောင်းရန်နှင့် စိုက်ခင်းတည်ထောင်ခြင်းကို SOP အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ အင်းပြင်ပျိုးဥယျာဉ်သို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေး အမြင့်နှစ်ပေအထက် ထင်းရှူးပျိုးပင်များစိုက်ပျိုးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်နှင့် ပျိုးဥယျာဉ်များတွင် ပျိုးပင်များ ကြိုတင်ပျိုးထောင်ရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အင်းလေးကန် စိမ်းလန်း စိုပြည်ရေးအတွက် အင်းလေးကန်ရေဝေရေလဲဒေသရှိ သစ်တောများအား ထိန်းသိမ်းကာကွယ်ရန်နှင့် ရေဝေရေလဲ သစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ တောင်ကြီးမြို့ ရေရရှိရေးအတွက် အရေးပါသော ထီသိမ်ကန် ရေထွက်နှင့် ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းရန်၊ တရားမဝင်သစ် ဖမ်းဆီးရေး စီမံချက်များ ရေးဆွဲ၍ အထူးအလေးထား ဆောင်ရွက်ရန်၊ ပင်းတယ–ဘော်ဆိုင်း ကားလမ်းဘေးဝဲယာ တစ်အုပ်တစ်မ စိုက်ပျိုးထားသော ထင်းရှူးပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားပြီး ပျိုးဥယျာဉ်အတွင်း ယခုနှစ်တွင် စိုက်ပျိုးမည့် ပျိုးပင် ၅၈၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန် ထင်းရှူးပျိုးပင် ၂၀၂၀၀ ကြိုတင်ပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် အောင်ပန်းကြိုးဝိုင်း အကွက်အမှတ် (၁၃) ရှိ ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း ၂၂ ဧက စိုက်ပျိုးထားမှုနှင့် ပြည်ထောင်စု လမ်းမကြီး လမ်းဘေးဝဲယာ ၂၀၂၂ ခုနှစ် တစ်အုပ်တစ်မ ထင်းရှူးပင် ၁၃၀၀ စိုက်ပျိုးထားရှိမှု၊ သီခေါင်တောင်ကြိုးပြင် ကာကွယ်တောအတွင်း ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း ၁၃ ဧက စိုက်ပျိုးထားရှိမှုနှင့် ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ကွက်လပ်ဖြည့် ထင်းရှူး ၂၅ ဧက၊ တစ်အုပ်တစ်မ ထင်းရှူး ငါးဧက စိုက်ပျိုးခြင်းတို့အတွက် လုပ်ငန်းဆောင်ရွက်နေမှု၊ ကလောမြို့နယ် ဟဲဟိုး ပျိုးဥယျာဉ်အတွင်း ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ပျိုးပင် ၄၅၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင် ၁၃၆၀၀ ကြိုတင်ပျိုးထောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုး–ဘော်ဆိုင်း ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေးအတွက် သုံးပင်တန်း၊ တစ်ပင်တန်း ထင်းရှူးပင် ၃၂၀၀၀ စိုက်ပျိုးထားမှုနှင့် လမ်းဘေးဝဲယာ တောင်ကုန်းများ မြေဆီလွှာ တိုက်စားမှု ကာကွယ်ရေးအတွက် တစ်အုပ်တစ်မ ထင်းရှူးပင် ၂၆၀၀ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး အပင်များအား ထိန်းသိမ်းစောင့်ရှောက်ရေး မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် တောင်လေးလုံး ပျိုးဥယျာဉ်အတွင်း အင်းလေးကန် ရေဝေရေလဲ ထိန်းသိမ်းရေးစိုက်ခင်းနှင့် လူထုဖြန့်ဝေခြင်းအတွက် ပျိုးပင် ၅၇၀၀၀ ပျိုးထောင်ထားမှု၊ အေးသာယာပျိုးဥယျာဉ်အတွင်း တောင်ကြီးမြို့ ထီသိမ်ကန်ရေထွက် စိမ်းလန်းစိုပြည်ရေးနှင့် ထီသိမ်ကန် ရေဝေရေလဲ ထိန်းသိမ်းရေးအတွက် ထင်းရှူးပျိုးပင် ၁၀၀၀၀၀ နှင့် အထူးပျိုး ၄၀၀၀၀ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် သာစည် - မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၈

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၄ ရက်မှ ၆ ရက်အထိ သာစည်–မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှု ၊ မြင်းခြံ–ပုဂံနှင့် ပုဂံ–ကျောက်ပန်းတောင်း–တောင်တွင်းကြီး ရထားလမ်းပိုင်းများ၊ ရထားလမ်း တံတားများနှင့် ဘူတာများကို စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် သာစည်–မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှုကို ပန်းအိုင် ဘူတာမှ မြင်းခြံဘူတာအထိ RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး ကွန်ကရစ်ဇလီဖားတုံးများ သတ်မှတ်အကွာအဝေးအတိုင်းထည့်သွင်းရန်၊ သံလမ်းများ စနစ်တကျခင်းကျင်းရန်၊ အရည်အသွေး ပြည့်မီသော လမ်းခင်းကျောက်များ စံချိန်စံညွှန်းအတိုင်းထည့်သွင်းရန်၊ ဆွေးမြည့်နေသည့် သစ်သားဇလီဖားများ လဲလှယ်ရန်၊ ရထားလမ်းတာပေါင် ရေတိုက်စားပြီး ကျဉ်းသောနေရာများတွင် တာပေါင်မြေဖို့ပြီး Compaction ကောင်းအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ မြင်းခြံ–ပုဂံ ရထားလမ်းပိုင်းရှိ တော၊ ချုံနွယ်များ ရှင်းလင်းရန်နှင့် လမ်းပိုင်းကြံ့ခိုင်မှု ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုဂံ–ကျောက်ပန်းတောင်း–တောင်တွင်းကြီး ရထားလမ်းပိုင်းအခြေအနေကို RBE ရထားလိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး ရန်ကုန်–ပုဂံ ရထားများ ပြေးဆွဲနေသည့် လမ်းပိုင်းဖြစ်သဖြင့် လမ်းပိုင်းကြံ့ခိုင်မှုကောင်းမွန်အောင်ဆောင်ရွက်ရန် ၊ ဘူတာနှင့် ဘူတာဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန်–ပုဂံ ပြေးဆွဲသည့် ရထားတွဲဆိုင်းများကို စစ်ဆေးပြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားထွက်ချိန်မှန်ကန်စေရေး၊ လေဝင်/လေထွက်ကောင်းမွန်စေရေး၊ ပြတင်းပေါက်များ အလွယ်တကူ အတင်အချပြုလုပ်နိုင်ရေး၊ ရထားပေါ်တွင် ခရီးသွားပြည်သူများ သုံးရေပြတ်လပ်မှုမရှိစေရေး၊ လက်မှတ်ဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး၊ ဘူတာများတွင် အများသုံးသန့်စင်ခန်းများ အဆင်ပြေစွာအသုံးပြုနိုင်ရေးနှင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ နားနေသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့် အရာထမ်းမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



နေပြည်တော် မေ ၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အဆင့် အရာထမ်းမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရုံးအမှတ်(၄၆)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**လေ့လာသင်ယူထား**

ဦးစွာ ဒုတိယဝန်ကြီးက ယခုသင်တန်းတွင် ပို့ချပေးမည့် ဘာသာရပ်များသည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးချဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်များသဖွယ်ဖြစ်၍ ဂရုတစိုက်လေ့လာဆည်းပူးပြီး နိုင်ငံအတွက် ရသင့်ရထိုက်သည့် အခွန်ငွေများကို အလေအလွင့်မရှိစေဘဲ တတ်နိုင်သမျှ ကြိုးပမ်းကောက်ခံကြရန်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း အခွန်ရှောင်တိမ်းမှုများကိုလည်း စုံစမ်းဖော်ထုတ်၍ စိစစ်ကောက်ခံနိုင်ရန်လိုကြောင်း၊ အခွန်အကောက်ရငွေများ အပြည့်အဝရရှိမှသာ နိုင်ငံတော်က ပြည်သူများအတွက် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည့်အသုံးစရိတ်များကို သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်လျက်ရှိသဖြင့် အလယ်အလတ်အဆင့် အရာထမ်းများအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးမူဝါဒများ၊ အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံတကာ အခွန်စနစ် ကျင့်သုံးဆောင်ရွက်မှုပုံစံများကိုလည်း လေ့လာသင်ယူထားရန်လိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒတွင်ပါဝင်သော အခွန်မူဝါဒများနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ အဖွဲ့အစည်းများ၊ ဦးစီးဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ လက်ထောက်ညွှန်ကြားရေးမှူး စုစုပေါင်း ၈၀ ပါဝင်တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၈**

၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(ဘီ)ရုံ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးနှင့် အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်အမှုဆောင်များ၊ ကြက်ခြေနီဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ မိတ်ဖက်အမျိုးသားကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ စေတနာလုပ်အားရှင်များ တက်ရောက်သည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတကာကြက်ခြေနီကော်မတီ (ICRC)ကို စတင်တည်ထောင်သူ ဟင်နရီဒူးနန့် မွေးဖွားခဲ့သည့် မေ ၈ ရက်ကို ဂုဏ်ပြုပြီး ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ် မေ ၈ ရက်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်စဉ် ကမ္ဘာ့ကြက်ခြေနီနေ့တွင် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် မွန်မြတ်လှသည့် ကြက်ခြေနီလူမှုကရုဏာလှုပ်ရှားမှုများနှင့် အဆိုပါလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ကြသည့် စေတနာလုပ်အားရှင်များကို ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊

ယခုနှစ်အတွက် ကမ္ဘာ့ကြက်ခြေနီနေ့ဆောင်ပုဒ်မှာ “Everything we do comes #fromtheheart” ‘‘နှလုံးသားဖြင့်ကူညီ တို့ကြက်ခြေနီ’’ ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ စေတနာလုပ်အားရှင်များ၏ စစ်မှန်သည့် မေတ္တာတရားနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ကရုဏာတရားရှေ့ထား၍ ကူညီဖေးမဆောင်ရွက်မှုများကို အားပေးချီးမြှောက် ဂုဏ်ပြုလိုခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်း စေတနာလုပ်အားရှင်ပေါင်း ၁၅ သန်းခန့်သည်လည်း ကြက်ခြေနီလှုပ်ရှားမှုကွန်ရက်များမှတစ်ဆင့် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်ဖြစ်ကြောင်း။

နိုင်ငံတော်၏အရေးကြီးသည့် ပံ့ရိုပ်တစ်ခုဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည်



သမိုင်းကြောင်းအစဉ်အလာကြီးမားသော အသင်းကြီးတစ်သင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက် ရင်ဆိုင်ဖြတ်သန်းခဲ့ရသော သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေဘေး၊ မီးဘေး၊ လေမုန်တိုင်းဘေး၊ ငလျင်ဘေး စသည့် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါတိုင်း နိုင်ငံတော်၏အရန်အင်အားအဖြစ် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ အဆင့်အတန်းမခွဲခြားဘဲ မိဘပြည်သူတစ်ရပ်လုံးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကယ်တင်ကူညီစောင့်ရှောက်ခဲ့သည့် အသင်းကြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ ထင်ရှားသည့် ဆောင်ရွက်ချက်များအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် အခြားသောအရေးပေါ်ကိစ္စရပ်များတွင် အမျိုးသားအဆင့်ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကျန်းမာရေးလုပ်ငန်းများနှင့်ရောဂါဘယကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားရာတွင်လည်း ကြက်ခြေနီတပ်ဖွဲ့ဝင်များက စွမ်းစွမ်းတမံ ပူးပေါင်းကူညီဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွက် ကျန်းမာရေး၊ လူမှုကာကွယ်ရေးနှင့် သက်ဆိုင်သော အသိပညာပေးလုပ်ငန်းများတွင် ကျေးလက်ဒေသအောက်ခြေအထိ ပါဝင်ကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့အစည်းများ၊ AHA Center ကဲ့သို့သော အဖွဲ့အစည်းများ၊ အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း၍ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေမည့် လှူဒါန်းမှု၊ အကူအညီပေးမှုများဖြစ်စေရန် စီမံဆောင်ရွက်ခြင်း၊ ပြည်သူလူထုအတွင်း လူမှုကရုဏာ စေတနာရှင်/ လုပ်အားရှင်စိတ်ဓာတ်များ တိုးတက်ထွန်းကားလာစေရေးနှင့် အသိပညာပြန့်ပွားရေးတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသားကြက်ခြေနီ/ လခြမ်းနီအသင်းများနှင့် ရင်ပေါင်တန်းလုပ်ဆောင်နိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်များ၏အားကို မဖြစ်မနေရယူရမည်ဖြစ်ပြီး ကြက်ခြေနီလုပ်ငန်းများတွင် မျိုးဆက်သစ်လူငယ်များ ပိုမိုပါဝင်လာအောင် စည်းရုံးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခြေခံပညာကျောင်းများတွင် ကြက်ခြေနီစိတ်ဓာတ်မြင့်မားစေရေး ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးအနေဖြင့် စံပြကြက်ခြေနီစခန်းများ ဖွင့်လှစ်ဂုဏ်ပြုသည့် အစီအစဉ်ကို ၁၉၇၁ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး စံပြကြက်ခြေနီစခန်း (၁၇)ကြိမ်၊ စံပြကြက်ခြေနီတပ်ဖွဲ့ဝင် မောင်မယ်ပေါင်း ၃၃၇၉ ဦးရှိခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထူးချွန်ကြက်ခြေနီစခန်း ၂၁ ကြိမ်၊ ထူးချွန်ကြက်ခြေနီ တပ်ဖွဲ့ဝင်မောင်မယ် ၃၂၃၇ ဦး ရှိခဲ့ကြောင်း၊ ယခု ကြက်ခြေနီညီလာခံသက်တမ်းတွင် ထူးချွန်ကြက်ခြေနီများ ရွေးချယ်ခြင်း၊ စခန်းဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ရန် စီစဉ်ထားရှိသည်ကိုသိရှိရ၍ ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းကြောင်း။

**အသိအမှတ်ပြုချီးမြှင့်**

နိုင်ငံတော်အနေဖြင့် ထူးချွန်စွာဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များကို အသိအမှတ်ပြု ချီးမြှင့်လျက်ရှိရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် စိုင်းအောင်လှိုင်မြင့် (တပ်ကြပ်ကြီး) မြစ်ကြီးနားမြို့နယ် ကြက်ခြေနီတပ်ဖွဲ့(ဟင်နရီဒူးနန့်ဆုရှင်)က ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိခဲ့ကြောင်း၊ ထို့ပြင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အသင်းဝင်များ အနေဖြင့် နိုင်ငံတော်ကချီးမြှင့်သည့် လူမှုထူးချွန်တံဆိပ်များကို ၎င်းတို့ သွေးလှူဒါန်းသည့် အကြိမ်များအလိုက် ရရှိကြရာ သွေးလှူရှင်များအတွက် လူမှုထူးချွန်ဆု(ပထမအဆင့်)ကို ကချင်ပြည်နယ်မှ ကြက်ခြေနီအသင်းဝင်နှစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ကြက်ခြေနီအသင်းဝင်တစ်ဦးတို့က ၂၀၂၃ ခုနှစ်တွင် ရရှိခဲ့ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် လိုအပ်သည့်ပံ့ပိုးကူညီမှုများကို ထောက်ပံ့ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Elena Ajmone Sessera နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း(IFRC) မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Nadia Christine Khoury တို့က ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ဂုဏ်ပြုစကားများပြောကြားကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကိုပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နေပြည်တော်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက ရှေးဦးပြုစုခြင်းဆိုင်ရာသရုပ်ပြသကြပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြု တပ်ဖွဲ့ဝင်များက ထမ်းစင်ဖြင့် လူနာသယ်ဆောင်ခြင်းကို သရုပ်ပြသကြသည်။

**ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (ငြိမ်း)တို့ကလည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာစိုးဝင်းတို့ကလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြပြီး ရှေးဦးပြုစုခြင်းနှင့် ထမ်းစင်ဖြင့်လူနာသယ်ဆောင်ခြင်း သရုပ်ပြသခဲ့သောကြက်ခြေနီစေတနာလုပ်အားရှင်များအား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှမြင့်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်တို့က ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီသူနာပြုတပ်ဖွဲ့တွင် အသက်(၆၅)နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များကိုယ်စား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ တိုင်းကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်အား မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်တင်လေးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုသည်။

ကမ္ဘာ့ကြက်ခြေနီနေ့များကို ၁၉၄၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် မေ ၈ ရက်တွင် ကမ္ဘာတစ်ဝန်း၌ ကျင်းပခဲ့ရာ ယခုနှစ်တွင် (၇၅)နှစ် ရွှေရတုနှစ်သို့ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ပန်းတောင်း မေ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ကြက်ခြေနီအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့် ထံမှပေးပို့သော ၂၀၂၃ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ သဝဏ်လွှာကို မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးမြင့်ဌေးက ဖတ်ကြားခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပန်းတောင်းမြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ အမှတ်(၁) ပန်းတောင်းနယ်မြေတပ်ခွဲမှူး ဦးမြင့်စိုး၊ အမှတ်(၂) ဆင်တဲ နယ်မြေတပ်ခွဲမှူး ဦးသင်းခိုင်လတ်နှင့် အမှတ်(၃) နယ်မြေတပ်ဖွဲ့မှူး ဦးကျော်စွာမြင့်တို့က တစ်နှစ်တာလှုပ်ရှားဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြရာ ပြည်ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ခရိုင်တပ်ဖွဲ့မှူး ဦးအေးကြိုင်က အကောင်းဆုံးလှုပ်ရှားမှုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေတစ်စီးဖြင့် နှာခေါင်းစည်း သုည ဒသမ ဂ၇၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန်ဝန်ကြီးဌာန ဝက်ဘ်ဆိုက် ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းဘေးဒဏ်ခံစားရနိုင်သည့်ပြည်သူများအတွက် ထိုင်းနိုင်ငံရောက် မြန်မာများက ခေါက်ဆွဲခြောက်များ လှူဒါန်းခြင်းနှင့် မုန်တိုင်းဘေးအရေးပေါ်တုံ့ပြန်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန ဖွင့်လှစ်

နေပြည်တော် မေ ၈

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်းအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့်အခြေအနေရှိနေသဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မုန်တိုင်းဘေး အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



### လှူဒါန်းပေးအပ်

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ မုန်တိုင်းဖြတ်သန်းဝင်ရောက်ပါက ဘေးဒဏ်ခံစားရနိုင်သည့်ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာသံရုံး၏ စည်းရုံးဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများက စုပေါင်းလှူဒါန်းသော ထိုင်းဘတ်ငွေ ၁၀၇၇၂၆၃ တန်ဖိုးရှိ အသင့်စားခေါက်ဆွဲ ခြောက်ထုပ် ၁၅၈၆၄၀ လှူဒါန်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre–DMC)၌ ကျင်းပသည်။

ထောက်ပံ့လှူဒါန်းသည့် ခေါက်ဆွဲခြောက်များသည် ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကာ နေပြည်တော်တွင် ပြုလုပ်သည့်အခမ်းအနား၌ ထိုင်းနိုင်ငံရောက် မြန်မာများကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အဆိုပါ ခေါက်ဆွဲခြောက်များကို ရခိုင်ပြည်နယ်သို့အထုပ် ၃၀၀၀၀ ၊ ဧရာဝတီတိုင်းဒေသကြီးသို့ အထုပ် ၃၀၀၀၀ တို့ကို ကြိုတင်ဖြန့်ခွဲပေးပို့သွားမည်ဖြစ်ပြီး ကျန်ခေါက်ဆွဲထုပ်များကို ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဗဟိုသိုလှောင်ရုံတွင် အရန်သင့် သိုလှောင်ထားရှိပြီး လိုအပ်သည့်နေရာများသို့ ဆက်လက် ပို့ဆောင်သွားမည်ဖြစ်သည်။

ဆက်လက်၍ ယနေ့မွန်းလွဲ ၃ နာရီတွင် စတင်ဖွင့်လှစ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ အရေးပေါ်တုံ့ပြန်ရေး အတွက်ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာနမှ စီမံခန့်ခွဲဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းချက်များအရ လေဖိအားနည်းရပ်ဝန်းမှ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာနိုင်သည့် မုန်တိုင်းဘေးနှင့်စပ်လျဉ်း၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်၍ အရေးပေါ်အစည်းအဝေးကို မေ ၆ ရက်တွင် ခေါ်ယူကျင်းပခဲ့ပြီး အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ချမှတ်ခဲ့ပါကြောင်း၊ ထို့အပြင် တည်မြဲအမိန့် (၂၀၂၂) တွင်လည်း အရေးပေါ်အချိန်ဆောင်ရွက်ရမည့် လုပ်ငန်းများပါရှိပြီးဖြစ်ပါကြောင်း၊ အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် DMC ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ DMC တွင် အဖွဲ့ခေါင်းဆောင်အဖြစ် အမျိုးသားကော်မတီ အတွင်းရေးမှူးဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် လုံခြုံရေးလုပ်ငန်းကော်မတီကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး အဖြစ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဆောင်ရွက်ရန် အဆိုပြုလိုကြောင်း၊ DMC ကို ၂၄ နာရီဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ပြီး နေ့စဉ် ညနေ ၃ နာရီတွင် အစည်းအဝေးပြုလုပ်ပြီး လိုအပ်သည်များ အမြန်ဆုံးစီမံဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် DMC ရုံးအဖွဲ့ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လမ်းညွှန်ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က DMC ဖွင့်လှစ်မှုနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် လုပ်ငန်းကော်မတီအသီးသီးမှ ကိုယ်စားလှယ်များက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစီး၍ ယနေ့မှစတင်ကာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ ၁၂ ခုမှ အတွင်းရေးမှူးများ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ စုပေါင်းတာဝန်ထမ်းဆောင်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့၌ မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

ဟိုင်းကြီးကျွန်း မေ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၌ မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ထိခိုက်ဆုံးရှုံးမှုများမရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့မွန်းလွဲ ၂ နာရီတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပမ္မဝတီ ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်း ဦးဆောင်သော မြို့အုပ်ချုပ်ရေးမှူး ဦးကောင်းစံနှင့် ဌာနဆိုင်ရာများသည် အမှတ်(၃) ရပ်ကွက်နှင့် ကံချိုင်ကျေးရွာရှိ ဆိုင်ကလုန်း ရုက်တာများသို့ သွားရောက်၍ မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ပြည်သူများ ဘေးကင်းစွာခိုလှုံနေထိုင်နိုင်ရန် ပြင်ဆင်ထားရှိမှုများ၊ သောက်သုံးရေရရှိနိုင်ရန် သိုလှောင်ပြင်ဆင်ထားရှိမှုများနှင့် စားနပ်ရိက္ခာများ စနစ်တကျ သိမ်းဆည်းထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအားပြောကြားကာ ဆက်လက်ပြင်ဆင်ထားရှိရန် မှာကြားခဲ့သည်။

ထို့နောက် ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်းနှင့် အဖွဲ့သည် ခမောက်မော်ကျေးရွာရှိ ပင်လယ်ကမ်းနားဘေးတွင် နေထိုင်ကြသော မိဘပြည်သူများအား မုန်တိုင်းအန္တရာယ် မကျရောက်မီ ရေလွတ်ရာကုန်းမြင့်ရှိ ခိုလှုံနိုင်သောနေရာများ၊ ဆိုင်ကလုန်း ရုက်တာများ၊ ဘုန်းတော်ကြီးကျောင်းများသို့ အမြန်ဆုံးပြောင်းရွှေ့ နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက အလွန်အမင်းထိတ်လန့်ကြောက်ရွံ့မှု မဖြစ်ကြဘဲ လုပ်ဆောင် သင့်သည်များကို အလျင်အမြန် စနစ်တကျ လုပ်ဆောင်ကြရန် အသိပညာပေးပြောကြားခဲ့သည်။

ဆက်လက်ပြီး ပမ္မဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် တင်မောင်သန်းနှင့် တာဝန်ရှိသူများသည် ပင်လယ်ကမ်းနားရှိ ကပ္ပလီကျေးရွာသို့ သွားရောက်ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ဆိုင်ကလုန်း ရုက်တာများနှင့် ရေလွတ်ရာ ဘုန်းတော်ကြီးကျောင်းများသို့ အမြန်ဆုံးပြောင်းရွှေ့ နေထိုင်ကြရန်နှင့် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ဆောင်ရွက်ကြရမည့် အရာများအား အသိပညာပေးပြောကြားပြီး မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကာ အကူအညီများလိုအပ်ပါက အချိန်မရွေးတောင်းခံကြရန် ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ထားဝယ်မြို့နယ် ဌာနပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း လီမိတက်က စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်များ ပေးအပ်

ထားဝယ် မေ ၈

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဌာနပေါင်းစုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အသင်းမှ အသင်းသားပြည်သူများ၏ ကျန်းမာရေးနှင့် စားဝတ်နေရေးကိစ္စများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ အသင်းသားပြည်သူ ၂၀၈ ဦးအတွက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၁၂၄၀၀၃၀၊ အစုပေါ်အမြတ်ငွေ ၇၇၉၂၇၉ ကျပ်နှင့် ထောက်ပံ့ငွေကျပ် ၄၂၆၀၀၀၀ တို့အား အသင်းသားပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ အသင်းသားများ၊ ဌာနပေါင်းစုံ ၁၈ ခုမှ အသင်းသားများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# မသန်သော်လည်း စွမ်းဆောင်မှုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နေကြသည့် မသန်စွမ်းအားကစားသမားများ

**ဝင်းမြင့် (M P S F)**

လူမှုဘဝတွင် အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းသူဖြစ်နေကြသူများရှိရာ ဘဝကိုအရှုံးမပေးဘဲ အခက်အခဲအမျိုးမျိုးအား ရင်ဆိုင်ကျော်ဖြတ်ပြီး ဘဝရပ်တည်မှုကို ကြိုးစားနေထိုင်လျက်ရှိကြသည်။ ယင်းတို့အနက်မှ မသန်သော်လည်း စွမ်းဆောင်မှုဖြင့် မိမိဘဝရပ်တည်မှုကို ရင်ဆိုင်ကျော်ဖြတ်ရုံမက နိုင်ငံ၏ဂုဏ်ကို ဆောင်ပေးနေသော မသန်စွမ်း အားကစားအကြောင်းကို ဖော်ပြလိုပါသည်။

**မသန်စွမ်းအားကစားပြိုင်ပွဲများ**

လူမှုနယ်ပယ်တွင် မသန်စွမ်းသူများ၏ မသန်သော်လည်း စွမ်းဆောင်နိုင်သည့် ကိစ္စရပ်များ များစွာရှိရာ အထူးသဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုများကို အားကစားပြိုင်ပွဲများ၌ အထင်အရှား တွေ့မြင်နိုင်သည်။ **ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲ**တွင် Olympic Games ပြိုင်ပွဲပြီးပါက Paralympic Games ကိုလည်းကောင်း၊ **အာရှအဆင့်အားကစားပြိုင်ပွဲ**တွင် Asia Games ပြိုင်ပွဲပြီးပါက FESPIC Games (Far East & South Pacific Games)/ Asian Para Games ကိုလည်းကောင်း၊ **အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲ**တွင် SEA Games ပြိုင်ပွဲပြီးပါက ASEAN Para Game ကိုလည်းကောင်း တာဝန်ယူကျင်းပသောနိုင်ငံ၊ ကျင်းပသောမြို့တွင် Able Persons ပြိုင်ပွဲပြီးပါက Disable Persons ပြိုင်ပွဲများကို ရက်ပိုင်းသာခြားပြီး ကျင်းပဆောင်ရွက်ကြသည်။ သန်စွမ်းသူ ကစားသမားများကဲ့သို့ပင် မသန်စွမ်းသူ ကစားသမားများကလည်း စွမ်းဆောင်မှုဖြင့် မိမိနိုင်ငံ၏ဂုဏ်ကို မြှင့်တင်ကြသည်။

မြန်မာ့မသန်စွမ်း ကစားသမားများသည် ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်နိုင်မှုဆုတံဆိပ်များရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုများရှိသည်။

၂၀၂၃ ခုနှစ် ဇွန်လ ၃ ရက်နေ့မှ ၉ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ (12th ASEAN Para Games) ကို မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ မသန်စွမ်းအားကစားသမားများက အားကစားနည်းရှစ်မျိုးဖြင့် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယှဉ်ပြိုင်မည့် အားကစားနည်းရှစ်မျိုးမှာ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ စားပွဲတင် တင်းနစ်၊ Goal Ball၊ အလေးမ၊ စစ်တုရင်တို့ဖြစ်သည်။



(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်နေစဉ်။

ကိုယ်အင်္ဂါ ခြေ/လက် မသန်စွမ်းသူ၊ ကိုယ်အင်္ဂါ ခြေ/လက်စွန့်လွှတ်ထားရသူ၊ ပိုလီယိုအကြောသေဖြစ်သူ မသန်စွမ်းကစားသမားများက ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ အလေးမကစားနည်းများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ သူငယ်နာ အကြောတင်းဖြစ်သူ အားကစားသမားများသာ ဘောလုံးကစားနည်းတွင် ယှဉ်ပြိုင်ခွင့်ရှိပြီး Goal Ball နှင့် စစ်တုရင်ကစားနည်းများကို မျက်စိအမြင်အာရုံ ချို့ယွင်းသူများကသာ ယှဉ်ပြိုင်ခွင့်ရှိသည်။

မသန်စွမ်းမှုအဆင့်များကို ဆေးစစ်သတ်မှတ်ချက်ဖြင့် သတ်မှတ်ပေးပြီး အဆင့်တူသူအချင်းချင်းကိုသာ ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ ဥပမာ ဒူးအောက်စွန့်လွှတ်ထားသူနှင့် ဒူးအထက်စွန့်လွှတ်ထားသူများကို ခွဲခြား၍ အဆင့်တူသူအချင်းချင်းသာ ယှဉ်ပြိုင်စေခြင်း၊ လက်စွန့်လွှတ်ထားသူနှင့် ခြေထောက် စွန့်လွှတ်ထားသူများကို ခွဲခြား၍ အဆင့်အတူအချင်းချင်းသာ ယှဉ်ပြိုင်စေခြင်းပုံစံဖြစ်သည်။

ASEAN Para Games တွင် မြန်မာ့မသန်စွမ်း အားကစားသမားများ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ကစားနည်းရှစ်မျိုးကို အကျဉ်းမျှ မိတ်ဆက်ဖော်ပြပေးလိုပါသည် -

**ပြေးခုန်ပစ်ကစားနည်း**

ပြေးခုန်ပစ်ကစားနည်း (Athletics) ပြိုင်ပွဲများတွင် အပြေးနှင့် အခုန်ပွဲစဉ်ယှဉ်ပြိုင်မှုများ၌ Able Person များနှင့် သဘာဝချင်း မကွာခြားသော်လည်း အပစ်ပြိုင်ပွဲများတွင်မူ အသုံးပြုသည့် သံလုံး၊ သံပြားများ၏ အရွယ်အစား၊ အလေးချိန်မှာ အနည်းငယ်ကွာခြားမှုရှိသည်။ မသန်စွမ်းမှုအရ ရပ်ပစ်ခြင်း၊ ပစ်စင်ခုံ (Throwing Device) ဖြင့် ထိုင်ပစ်၍ ယှဉ်ပြိုင်ရခြင်းလည်း ကွဲပြားသည်။ အပြေးနှင့် အခုန်တွင် Able Person များထက် ပွဲစဉ်ပိုများသည်။ အကြောင်းမှာ မသန်စွမ်းမှု အဆင့်တူသူအချင်းချင်းကိုသာ ယှဉ်ပြိုင်ရ၍ဖြစ်သည်။ ဥပမာ မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် Able Person ၌ ကျား/မ နှစ်ပွဲသာရှိပြီး Disable Persons တွင် မသန်စွမ်းမှုအဆင့်အလိုက် ဒူးအောက်နှစ်ဖက်၊ ဒူးအောက်တစ်ဖက်၊ ဒူးအထက်နှစ်ဖက်၊ ဒူးအထက်တစ်ဖက်၊ လက်တစ်ဖက်၊ လက်နှစ်ဖက်၊ မျက်မမြင် (လုံးဝမမြင်၊ တစ်စိတ်တစ်ပိုင်းမြင်) စသည်ဖြင့် ကွဲပြားပြီး ကျား/မဖြစ်၍ ပွဲစဉ်များများပြားသည်။ အပြေး၊ အခုန်၊ အပစ် အားလုံးပေါင်းက ပွဲစဉ်ပိုများသည်။

**ရေကူးကစားနည်း**

ရေကူးကစားနည်း (Para Swim–ming) မှာလည်း ပြေးခုန်ပစ်ကဲ့သို့ပင် မသန်စွမ်းမှုအလိုက် အဆင့်ခွဲခြား၍ ပြိုင်ပွဲများ ယှဉ်ပြိုင်ရသည်။ ကူးနည်းလေးမျိုးစလုံး ယှဉ်ပြိုင်နိုင်ပြီး Able Person ကဲ့သို့ အတူတူပင်ဖြစ်သည်။ ထူးခြားမှုမှာ မျက်စိအာရုံချို့တဲ့သူများလည်း ယှဉ်ပြိုင်နိုင်သည့်ပွဲစဉ်များ ပါဝင်သည်။

**အလေးမကစားနည်း**

အလေးမကစားနည်း (Para Power Lifting)သည် သန်စွမ်းသူများကဲ့သို့ ရပ်လျက် အလေးမရခြင်းပုံစံမဟုတ်ဘဲ ပက်လက်လှန်၍ ရင်ဘတ်အပေါ်သို့ နည်းစနစ်မှန်ကန်စွာ မတင်တွန်းတင်ရသော ကစားနည်းဖြစ်သည်။ ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ရပြီး မတင်မှုနည်းစနစ်မှန်ကန်ရန် အလွန်အရေးကြီးသည်။

**ထိုင်လျက်ဘော်လီဘောကစားနည်း**

ထိုင်လျက်ဘော်လီဘောကစားနည်း (Sitting Volley Ball)မှာ ထူးခြားသော ကစားနည်းတစ်ခုဖြစ်သည်။ ထိုင်လျက်ကစားနည်းဖြစ်၍ သာမန်ကွင်းများထက် ကွင်းကျဉ်းခြင်း၊ ပိုက်နိမ့်ခြင်းမှလွဲ၍ တစ်ဖက်ခြောက်ဦး ကစားခြင်း၊ Libro ကစားသမားပါဝင်နိုင်ခြင်း၊ လှည့်ကစားရခြင်း၊ ဘောလုံးအရွယ်အစားနှင့် အမှတ်ပေးစည်းမျဉ်းများ၊ စပေးဘောကစားခြင်း၊ ရိုက်ခုတ်ခြင်း၊ ကာခြင်း၊ ဆယ်မခြင်း စသည်တို့မှာ သာမန်ဘော်လီဘော ပြိုင်ပွဲကဲ့သို့ အတူတူပင်ဖြစ်သည်။ ထူးခြားချက်မှာ In Play ကစားစဉ် ဘောလုံးနှင့် မထိတွေ့မီ အဆင်ပြေသလို ရွှေ့လျားနိုင်သော်လည်း ဘောလုံးနှင့်ထိတွေ့စဉ် ခုတ်ရိုက်ခြင်း၊ ပင့်ထောင်ခြင်း၊ ပိတ်ဆို့ကာကွယ်ခြင်း စသည်များဆောင်ရွက်စဉ် တင်ပါးမကြွရပါ။ ကြမ်းပြင်နှင့် ထိနေရမည်ဖြစ်ပြီး တင်ပါးကြွကြောင်း တွေ့ရပါက ပြစ်ဒဏ်(Foul) ဖြစ်သည်။ ထိုင်ကစားနည်းဖြစ်၍ ဘောလုံးအနိမ့်အကျမြန်ပြီး ကစားရခက်ခဲသောပုံစံဖြစ်သည်။ မြန်မာမသန်စွမ်း ဘော်လီဘောအသင်းသည် ASEAN Para Games ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ရောက်မှု ငါးကြိမ်၌ ချန်ပီယံသုံးကြိမ်၊ ဒုတိယတစ်ကြိမ် ရရှိထားသည်။ အာရှအဆင့်ပြိုင်ပွဲတွင် ASIA Para Games ၌ အာရှအဆင့် (၅) အထိ အောင်မြင်မှုရရှိထားသည်။

**C P Football ဘောလုံးကစားနည်း**

C P Football ဘောလုံးကစားနည်း (Cerebral Palsy Football) သည် သူငယ်နာ အကြောတင်းဖြစ်သူများ တစ်ဖက် ခုနစ်ယောက်စီဖြင့် ကစားရသော ကစားနည်းဖြစ်သည်။ သန်စွမ်းမှုသတ်မှတ်ချက် ဆေးအဆင့်များ သတ်မှတ်ထားကာ C P ဖြစ်ပြီး အလွန်သန်စွမ်းသူ၊ သာမန်သန်စွမ်းသူ၊ သာမန်ထက် နိမ့်သူများကို အချိုးကျသတ်မှတ်ချက် ဖွဲ့စည်းပုံ ပုံစံအတိုင်း ဖွဲ့စည်းပြီး ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ C P များဖြစ်၍ ဘောလုံးဖမ်းယူခြင်း၊ သယ်ယူခြင်း၊ ကန်ခြင်းနေရာများတွင် လိုရာမရောက် အခက်အခဲဖြစ်ရသည်။ သို့ရာတွင်လိုအပ်ချက်ကို အဆင်ပြေအောင် လေ့ကျင့်မှုဖြင့် ကြိုးပမ်းကစားကြရသည်။

**စစ်တုရင်ကစားနည်း**

စစ်တုရင်ကစားနည်း (Chess)ပြိုင်ပွဲမှာလည်း သာမန်လူများကဲ့သို့ ယှဉ်ပြိုင်မှု အတူတူပင်ဖြစ်သည်။ သို့ရာတွင် မျက်စိအမြင်အာရုံ ချို့ယွင်းသူများသာ ယှဉ်ပြိုင်ရသည့်ပွဲဖြစ်၍ မိမိနှင့်ပြိုင်ဘက်၏ ကစားအရုပ်များကို လက်ဖြင့်စမ်းသပ်ကာ အကွက်ရွှေ့ခြင်း၊ တစ်ဖက်ပြိုင်ဘက်၏ နောက်အကွက်ရွှေ့မည့် အခြေအနေများကို ကြိုတင်တွက်ဆရခြင်း၊ ဖြစ်လာနိုင်သော အခြေအနေပေါ် နည်းစနစ်များဖြင့် စဉ်းစားရခြင်းဖြင့် ဉာဏ်ရည်ထုတ်ပြိုင်ရသောပြိုင်ပွဲဖြစ်သည်။

**Goal Ball ကစားနည်း**

Goal Ball ကစားနည်းသည် အမြင်အာရုံချို့တဲ့သူများသာ ယှဉ်ပြိုင်ကစားရပြီး ဂိုးပေါက်နှစ်ဖက်ရှိ ကွင်းတွင် တစ်ဖက် သုံးဦးစီဖြင့် ပစ်ပေါက်စဉ် အသံမြည်သည့်၊ အသံကြားရသည့် ဘောလုံးကို ပစ်ပေါက်ဂိုးသွင်းခြင်း၊ ဖမ်းဆီးကာကွယ်ခြင်း ပြုလုပ်ရသည့် ကစားနည်းဖြစ်သည်။ ဘောလုံးမှ ထွက်လာသောအသံကို အာရုံစိုက်ပြီး လှုပ်ရှားကစားရသော ကစားနည်းဖြစ်၍ In Play ကစားနေစဉ် ကွင်းအတွင်းရှိသူအားလုံး အသံတိတ်ပေးရန် အဓိကလိုအပ်ချက်ဖြစ်သည်။ မျက်မမြင် ကစားသမားများဖြစ်၍ ပြင်ပဆူညံသံကြောင့် ဘောလုံးမှထွက်လာသော အသံနှင့် ရောထွေးကာ အနှောင့်အယှက်ဖြစ်စေနိုင်၍ အသံတိတ်ဖြင့် နေရခြင်းဖြစ်သည်။ **စာမျက်နှာ ၁၁ သို့** ✣

**❛ လူမှုနယ်ပယ်တွင် မသန်စွမ်းသူများ၏ မသန်သော်လည်း စွမ်းဆောင်နိုင်သည့်ကိစ္စရပ်များ များစွာရှိရာ အထူးသဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုများကို အားကစားပြိုင်ပွဲများ၌ အထင်အရှားတွေ့မြင်နိုင်**

**မြန်မာ့မသန်စွမ်းကစားသမားများသည် ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အောင်နိုင်မှုဆုတံဆိပ်များရရှိကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုများရှိ ❜**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၌ သင်တန်းများ ဖွင့်လှစ်



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း လပွတ္တာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၂၄ ကျောင်း၌ နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့် စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစု အပိုဝင်ငွေရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းများကို ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည်။

ထိုသို့ ဖွင့်လှစ်ရာ လှိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့နှင့် မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပခုက္ကူမြို့ သင်တန်းကျောင်းတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ မုဒုံမြို့ သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ လပွတ္တာမြို့ သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ လားရှိုးမြို့ သင်တန်းကျောင်းတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးတို့ တက်ရောက် ဖွင့်လှစ်ပေးပြီး ကျန် သင်တန်းကျောင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများနှင့် ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကျောင်း ၂၄ ကျောင်းတွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ ၇၅၀၊ ရိုးရာဂျပ်ခုတ်သင်တန်းသူ ၁၅ ဦး၊ အခြေခံ လက်ရက်ကန်းသင်တန်းသူ ငါးဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသူ ၃၀ စုစုပေါင်း သင်တန်းသူ ၈၀၀ တက်ရောက်၍ မေ ၈ ရက်မှ အောက်တိုဘာ ၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူစုစုပေါင်း ၉၅၀၂၂ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လောင်းမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ပင်လောင်း မေ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ထိဗ္ဗာကျေးရွာအုပ်စု ဝါးလီကျေးရွာ ဘုန်းကြီးကျောင်း၌ ပြုလုပ်သည်။



ဦးစွာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းတို့က ယာယီနေရပ်စွန့်ခွာပြည်သူများကို အားပေးနှစ်သိမ့် အမှာစကား ပြောကြားသည်။

ထောက်ပံ့ပေးအပ်ရာတွင် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ကုန်များ၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၃၈၅၅၀၀၀ နှင့် စားသောက်ကုန်များ၊ ပြည်ထောင်စုတိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ်သိန်း ၃၀ အား ပြည်နယ်တိုင်းရင်းသားရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးချစ်ဇော်လင်းနှင့် အမှတ်(၄) စစ်အခြေခံလေ့ကျင့်ရေးတပ်မှူး တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်မောင်မြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ပေးသည့် စားသောက်ကုန်လေးမျိုး၊ ကျောင်းစိမ်းဝတ်စုံ ၁၅၀၊ ဗလာစာအုပ် ဒါဇင် ၁၅၀ ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းတို့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်းအခြေအနေ

**(၂၀၂၂ ခုနှစ်၊ မေလ ၈ ရက်နေ့ မြန်မာစံတော်ချိန်(၁၃:၀၀) နာရီအချိန်ထုတ်ပြန်ချက်)**

**(က) လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့မွန်းလွဲ (၁၂:၃၀)နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ပိုမိုအားကောင်းလာနိုင်ပြီး မေ ၉ ရက်တွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်ကာ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး မေ ၁၀ ရက်တွင် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm)အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**(ခ) သတိပေးနှိုးဆော်ချက်**

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မေ ၉ ရက်မှ ၁၄ ရက်အတွင်း မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၇၀ မှ မိုင် ၈၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

✣ စာမျက်နှာ ၁၀ မှ

**စားပွဲတင်တင်းနစ်ကစားနည်း**

စားပွဲတင်တင်းနစ် ကစားနည်း (Table Tennis) ပြိုင်ပွဲမှာလည်း သက်ဆိုင်ရာ မသန်စွမ်းမှုများအလိုက် ပြိုင်ပွဲများကျင်းပပေးသည်။ သာမန်ပြိုင်ပွဲစည်းကမ်းများအတိုင်းပင် ဖြစ်သည်။

မသန်စွမ်းသူများ ယှဉ်ပြိုင်ရမည့် ကစားနည်းများဖြစ်၍ အချို့နေရာများတွင် အထောက်အကူပြုပစ္စည်းများ၊ ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ခြင်း၊ အသုံးပြုရခြင်းများရှိသည်။ ခြေတုအတွက် ယခင်က သာမန်လမ်းလျှောက်ရုံ ဆောင်ရွက်ထားသည့် ခြေတုနေရာတွင် ထူးခြားသော အာနိသင်ရှိသည့် သတ္တုဖြင့် ပြုလုပ်ထားသော ပြိုင်ပွဲဝင်ခြေတုများ အသုံးပြုနိုင်သည်။ ခြေတု၏ အဆင့်မြင့်ကောင်းမွန်မှုပေါ် မူတည်၍ ခြေတုတစ်ချောင်း၏ တန်ဖိုးမှာလည်း မြင့်မားပါသည်။ ခြေတု၏ စွမ်းဆောင်ပေးမှုကလည်း အံ့မခန်းပင်ဖြစ်သည်။ ဥပမာအားဖြင့် အမျိုးသား-မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက် တစ်ဖက်မရှိသူက ၁၀ ဒသမ ၇၂ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-မီတာ(၂၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက် တစ်ဖက်မရှိသူက ၂၁ ဒသမ ၄၃ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-မီတာ(၄၀၀) အပြေးပြိုင်ပွဲတွင် ဒူးအောက်နှစ်ဖက်မရှိသူက ၄၅ ဒသမ ၈၅ စက္ကန့်စံချိန်ရရှိခြင်း၊ အမျိုးသား-အလျားခုန်ပြိုင်ပွဲတွင် ဒူးအောက်တစ်ဖက်မရှိသူက ၈ ဒသမ ၂၁ မီတာစံချိန်ရရှိခြင်း၊ အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် ဒူးအထက် တစ်ဖက်မရှိသူက ၁ ဒသမ ၈၈ မီတာစံချိန်ရရှိခြင်းများဖြစ်သည်။ သံလုံး၊ သံပြား၊ လှံတံပစ်ပြိုင်ပွဲများတွင် မတ်တတ်မရပ်နိုင်သူများအတွက် အထူးပြုလုပ်ထားရသော ထိုင်ခုံပစ်စင်များ၊ မျက်စိအာရုံချို့ယွင်းသူများကစားသည့် Goal Ball ပြိုင်ပွဲအတွက် အသုံးပြုရမည့် ဘောလုံးလိမ့်စဉ် အသံမြည်သည့်ဘောလုံးများ၊ မျက်စိအုပ်ပစ္စည်းများ၊ Chess ပြိုင်ပွဲအတွက် မျက်စိမမြင်သူများကစားရသည့် အထူးပြုလုပ်ထားသော စစ်တုရင်ခုံများနှင့် စစ်တုရင်အရုပ်များ၊ ပြိုင်ပွဲအတွက် အထူးပြုလုပ်ထားသည့် ပေါ့ပါးခိုင်ခံ့သည့် ဝှီးချဲများ အစရှိသည်များမှာ မသန်စွမ်းအားကစားသမားများအတွက် အထောက်အကူပြုပစ္စည်းများဖြစ်သည်။

**စခန်းသွင်းလေ့ကျင့်**

အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ရန်အတွက် မသန်စွမ်းအားကစားအဖွဲ့ချုပ် တည်ရှိရာ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၂၉)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးရှိ မသန်စွမ်းအားကစား လေ့ကျင့်ရေးစခန်းဝင်းအတွင်း စခန်းသွင်းကာ လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြသည်။ နိုင်ငံတော်၏ အားကစားမူဝါဒများနှင့်အညီ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ လိုအပ်သည်များ ပံ့ပိုးမှု၊ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၏ အနီးကပ်ကြီးကြပ်မှုများဖြင့် ယခင်နှစ်ပြိုင်ပွဲများထက် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်ရန် လေ့ကျင့်ကြိုးပမ်းလျက်ရှိနေသည်။

စိတ်၏လိုအပ်ချက်ကို ကိုယ်ခန္ဓာက လိုက်ပါလှုပ်ရှားဆောင်ရွက်ရန် အခက်အခဲများစွာရှိသည်။ မသန်စွမ်းသူများမှာ ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် ပို၍ အခက်အခဲဖြစ်ရသည်။ မသန်စွမ်းမှုကို ဖြည့်စွက်ထိန်းညှိလျက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းကစားကာ အကောင်းဆုံးစံချိန်ရအောင် လေ့ကျင့်နေကြသော မသန်စွမ်းကစားသမားများ၏ စိတ်ဓာတ်ကို အားပေးမြှင့်တင်ပေးမှု ပြုကြရပါမည်။ မသန်စွမ်းကစားသမားများ၏ ကြိုးပမ်းလေ့ကျင့်နေမှုများကို ပြည်သူများက သွားရောက်ကြည့်ရှုအားပေးခြင်း၊ ထောက်ပံ့ခြင်း၊ ကူညီမှုများပေးခြင်းနှင့် လိုအပ်သော အထောက်အကူပြုပစ္စည်းများ ပံ့ပိုးခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေးလိုပါသည်။

“**မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာအဓိက**”ဆိုသော မသန်စွမ်းကစားသမားများ၏ ခံယူချက်အတိုင်း မြန်မာ့မသန်စွမ်းအားကစားသမားများအနေဖြင့် လာမည့် (၁၂) ကြိမ်မြောက် ASEAN Para Games တွင်လည်း ပိုမိုကောင်းမွန်သည့်စံချိန်များ ရရှိစွမ်းဆောင်နိုင်လျက် နိုင်ငံ့ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ပါစေကြောင်း ယုံကြည်စွာဖြင့် ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၁၄၀၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၅-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၄၅၁,၂၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၆,၁၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၅,၃၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၂) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်စဉ်(၂၉)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်း အမှတ်စဉ်(၁၆) ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၈**

ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်သင်တန်း အမှတ်စဉ်(၂၉)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်း အမှတ်စဉ် (၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အမှူးပြုသော ဆရာတော်ကြီးများ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၊ နယ်စပ်နှင့် တောင်တန်းဒေသများမှ သင်တန်းသားရဟန်းတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ တက်ရောက်လာကြသည့်ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်သည့်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်က သာသနာပြုသင်တန်းသို့ တက်ရောက်ကြမည့် သာသနာပြုရဟန်းတော်များအနေဖြင့် သာသနာပြုလုပ်ငန်းများကို ရှေ့ဆောင်ရှေ့ရွက် ဆောင်ရွက်နေကြခြင်းကြောင့် ဘုရားဟောကျမ်းဂန်များအား အမြဲမပြတ်လေ့လာသင်ယူရန်၊ ခေတ်နှင့်အညီ ပညာရပ်များကိုလည်း ဉာဏ်ရည်မြင့်မား အတွေးအခေါ်မြင့်မားအောင် ကြိုးစားဆည်းပူးလေ့လာရန်၊ သာသနာပြုရဟန်းတော်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ပြီး သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ ဆောင်ရွက်ကြရန် သင်တန်းဖွင့် ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ပင့်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ **“ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု”**သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်ကြီးများ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၁၆ မြို့နယ်၌ သာသနာပြုဌာနပေါင်း ၆၁၃ ဌာန၊ သာသနာပြုရဟန်းတော် ၆၇၅ ပါး၊ သာသနာပြုသီလရှင် ၄၁ ပါး၊ သာသနာပြုလူပုဂ္ဂိုလ် ၂၉၈ ဦးတို့ဖြင့် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရှမ်းပြည်နယ် အကျဉ်းထောင်များ၌ စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများဖွင့်လှစ်

**နေပြည်တော် မေ ၈**

ရှမ်းပြည်နယ် အကျဉ်းထောင်များအတွင်း စာမတတ်သူ အကျဉ်းသား အကျဉ်းသူများ စာတတ်မြောက်လာစေရေး၊ လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံအတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်သည့် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းကို မေ ၈ ရက်မှ ၁၁ ရက်အထိ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ လားရှိုးအကျဉ်းထောင်၌ ဖွင့်လှစ်သွားမည်ဖြစ်သည်။

**တက်ရောက်**

အဆိုပါ နည်းပြသင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ)၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများမှ ပညာရေးမှူးများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် လားရှိုး အကျဉ်းထောင်တို့မှ တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပညာ) ဒေါက်တာဝင်းဖေ၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူးနှင့် လားရှိုးအကျဉ်းထောင်တာဝန်ခံအရာရှိတို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်၏ဇနီး၊ လားရှိုးခရိုင်ပညာရေးမှူးနှင့် လားရှိုးမြို့နယ်ပညာရေးမှူးတို့က ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံ ဒါဇင် ၁၀၀ နှင့် သင်ထောက်ကူကားချပ်များကို လားရှိုးအကျဉ်းထောင်တာဝန်ခံအရာရှိထံ ပေးအပ်လှူဒါန်းသည်။

လားရှိုးအကျဉ်းထောင်အတွင်း စာမတတ်သူပေါင်း ၅၅၉ ဦးကို ပြစ်ဒဏ်ကျခံဆဲ အခြေခံပညာအထက်တန်းအောင်နှင့် ဘွဲ့ရ အကျဉ်းသား အကျဉ်းသူ စေတနာလုပ်အားပေး နည်းပြ ၁၈ ဦးနှင့် ကြီးကြပ် လေးဦးတို့က စာသင်ဝိုင်းများစုဖွဲ့၍ အနည်းဆုံး တစ်ရက် သုံးနာရီ၊ အနည်းဆုံး နာရီပေါင်း ၁၂၀ ဖြင့် ရက်ပေါင်း ၄၀ ကြာ အခြေခံမြန်မာစာ၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားခြင်းနှင့်အတူ လူမှုဘဝမြင့်မားရေးဆိုင်ရာ အသိပညာပေးခြင်းများကို ပြည်နယ်အကျဉ်းဦးစီးဌာန၏စီစဉ်မှုဖြင့် အကျဉ်းထောင်များ၌ ဆောင်ရွက်သွားမည်ဖြစ်သည်။

**သင်ကြားပေးခဲ့**

အလားတူ ညောင်ရွှေအကျဉ်းထောင် စာတတ်မြောက်ရေးလုပ်ငန်းနည်းပြသင်တန်းကို ဧပြီ ၂၈ ရက်မှ မေ ၁ ရက်အထိ အဆိုပါအကျဉ်းထောင်၌ ဖွင့်လှစ်ခဲ့ပြီး အကျဉ်းသား အကျဉ်းသူ စေတနာလုပ်အားပေးနည်းပြနှင့် ကြီးကြပ် ၁၇ ဦးက အကျဉ်းထောင်အတွင်း စာမတတ်သူပေါင်း ၃၃၁ ဦးတို့ကို စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ရေးဆွဲထားသည့် အစီအစဉ်များအတိုင်း ညောင်ရွှေအကျဉ်းထောင်၌ သင်ကြားပေးခဲ့သည်။

ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန၊ ပြည်နယ်ပညာရေးမှူးရုံးတို့၏ ပံ့ပိုးကူညီမှုများဖြင့် ကျန်ရှိနေသေးသည့် အကျဉ်းထောင်၊ အချုပ်ထောင်များတွင် စာမတတ်သူများအတွက် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ စာရေးကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေခြင်းတို့ဖြင့် စာတတ်မြောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**နေပြည်တော် မေ ၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၅ ခုနှစ် နယုန်လဆန်း ၅ ရက်၊ မေ ၂၃ ရက်(အင်္ဂါနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

**ကြိုတင်လှူဒါန်းနိုင်**

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၂ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော မူလအာဘိဓမ္မိက လေးပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက ရှစ်ပါး၊ ဝိနယကောဝိဒ ရှစ်ပါး၊ ဝိနယဓရ ၃၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၈၅ ပါး၊ စာအောင်သံဃာ ၁၅၂ ပါး စုစုပေါင်းသံဃာတော် ၁၈၄ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၈၈၀၅၆၀၇၉၀၊ ၀၁-၆၆၄၅၇၈ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကွန်ဂိုနိုင်ငံ၌ ရေကြီးမှုနှင့် မြေပြိုမှုကြောင့် ကျေးရွာသား ၄၀၀ နီးပါး သေဆုံး

ကင်ရှာဆာ မေ ၈

ကွန်ဂိုနိုင်ငံ အရှေ့ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် ကျေးရွာသား ၄၀၀ နီးပါးသေဆုံးခဲ့ကြောင်း တောင်ကီဗူပြည်နယ် အုပ်ချုပ်ရေးမှူး သီယိုနွာဘီဂျီကာဆီက ပြောကြားသည်။

သေဆုံးခဲ့သူအများစုကို မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုဒဏ်ကို အများဆုံးခံခဲ့ရသော ဘူရှုရှုကျေးရွာနှင့် ညာမူကူဘီကျေးရွာတို့တွင် အများဆုံးတွေ့ရှိခဲ့ရကြောင်း သိရသည်။

မြေပြင်ကယ်ဆယ်ရေးလုပ်ငန်းအား အထောက်အပံ့ပေးရန် ဗဟိုအစိုးရကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည်လည်း တောင်ကီဗူပြည်နယ်၏ မြို့တော် ဘူကာဗူသို့ မေ ၇ ရက်တွင် သွားရောက်ခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်မူယာယာက ပြောကြားသည်။

ကွန်ဂိုအစိုးရကလည်း မေ ၈ ရက်ကို သဘာဝဘေးဒဏ်သင့်သူများအတွက် တစ်နိုင်ငံလုံးဆိုင်ရာ ဝမ်းနည်းခြင်းနေ့အဖြစ် ကြေညာခဲ့သည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်းကလည်း တောင်ကီဗူပြည်နယ်၌ ရေကြီးမှုကြောင့် လူနေအိမ်အလုံး ၆၀၀ ကျော် ပျက်စီးခဲ့ကာ အိမ်ထောင်စု ၇၈၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ကိုးကား– ဆင်ဟွာ

ဘာသာပြန်– အလင်းသစ်





# ဆိုမာလီယာနိုင်ငံက ဆူဒန်နိုင်ငံရှိ ဆိုမာလီယာနိုင်ငံသား ၁၅၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

မိုဂါဒစ်ရှူး မေ ၈

ဆိုမာလီယာနိုင်ငံသည် လက်ရှိတွင် ပဋိပက္ခများဖြစ်ပွားလျက်ရှိသည့် ဆူဒန်နိုင်ငံမှ ဆိုမာလီယာနိုင်ငံသား ၁၅၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

## ပို့ဆောင်ပေးခဲ့

အဆိုပါ ဆိုမာလီယာနိုင်ငံသား ၁၅၀၀ ကျော်အနက် ၇၀၀ အား မြို့တော်မိုဂါဒစ်ရှူး၊ ဂါရိုဝီမြို့နှင့် ဟာဂီဆာမြို့များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း ဆိုမာလီယာနိုင်ငံခြားရေးဝန်ကြီး အလီအိုမာက ပြောကြားသည်။

မိမိတို့အနေဖြင့် ဆူဒန်နိုင်ငံ၌ ကျန်ရှိနေသည့် ဆိုမာလီယာနိုင်ငံသားများအား ဘေးလွတ်ရာသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ဆူဒန်၊ တောင်ဆူဒန်နှင့် အီသီယိုးပီးယားနိုင်ငံတို့ရှိ သံတမန်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ဆိုမာလီယာနိုင်ငံခြားရေးဝန်ကြီး အလီအိုမာက မေ ၇ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

ဆူဒန်နိုင်ငံမှ ဆူမာလီယာနိုင်ငံသားများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးသည် ဆိုမာလီယာနိုင်ငံအစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး အိုမာဂျာမာက ပြောကြားသည်။

ကိုးကား– ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ နှစ်ထပ်သင်္ဘောတစ်စင်း တိမ်းမှောက်၊ ၂၁ ဦး သေဆုံး

နယူးဒေလီ မေ ၈

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်၌ ကျောင်းသားများအား တင်ဆောင်လာသည့် နှစ်ထပ်သင်္ဘောတစ်စင်း ယမန်နေ့ညနေပိုင်းက တိမ်းမှောက်မှုဖြစ်ပွားရာ အနည်းဆုံး ၂၁ ဦး သေဆုံးခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ယနေ့ပြောကြားသည်။

## ဆယ်ဦးအား ရှာဖွေကယ်ဆယ်နိုင်ခဲ့

ကျောင်းသား ၃၅ ဦး တင်ဆောင်လာသည့် ၎င်းလှေသည် ကီရာလာပြည်နယ် မလက်ပူရန်ခရိုင်ရှိ ကမ်းရိုးတန်းမြို့ဖြစ်သည့် တနောမြို့ရှိ မြစ်အတွင်း၌ တိမ်းမှောက်ခဲ့ကြောင်းနှင့် လက်ရှိအချိန်တွင် ၁၀ ဦးအား ရှာဖွေကယ်ဆယ်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

သတ်မှတ်ထားသည့် လူဦးရေထက် ပိုမိုတင်ဆောင်လာသောကြောင့် ၎င်းသင်္ဘောတိမ်းမှောက်ခြင်းဖြစ်ကြောင်း မလက်ပူရန်ခရိုင်ရဲတပ်ဖွဲ့မှတာဝန်ရှိသူ အဗ္ဗဒူနဇားရ်၏ပြောကြားချက်အရ သိရသည်။

သေဆုံးသူအများစုမှာ ကျောင်းအားလပ်ရက်ခရီးထွက်လာသည့် ကျောင်းသားများဖြစ်ကြောင်း ကီရာလာပြည်နယ် အားကစားဝန်ကြီး ဗွီအဒူရာဟီမန်ကို ကိုးကား၍ ပရက်စ်ထရပ်စ်အော့ဖ် အိန္ဒိယသတင်းဌာနက ဆိုသည်။

ကျန်ရစ်သူမိသားစုများအတွက် ဝမ်းနည်းကြောင်း သတင်းစကားကို အိန္ဒိယနိုင်ငံသမ္မတ ဒြိုပဒီမူမူနှင့် ဝန်ကြီးချုပ်မိုဒီတို့က အသီးသီးပေးပို့ခဲ့ကြသည်။

၎င်းဖြစ်စဉ်အတွင်း သေဆုံးခဲ့သူ တစ်ဦးစီအတွက် ရူပီး ၂၀၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား– ဆင်ဟွာ

ဘာသာပြန်– စိုးသူရ



# ပီရူးနိုင်ငံတောင်ပိုင်းရှိ ရွှေတွင်းတစ်တွင်း၌ မီးလောင်မှုဖြစ်ပွား

လီမာ မေ ၈

ပီရူးနိုင်ငံတောင်ပိုင်းရှိ ရွှေတွင်းတစ်တွင်း၌ မေ ၆ ရက်က မီးလောင်မှုဖြစ်ပွားရာ လက်ရှိအချိန်အထိ ၂၇ ဦး သေဆုံးကြောင်း သိရသည်။

နိုင်ငံတောင်ပိုင်း ရာနာကွီဟာမြို့ရှိ အခင်းဖြစ်ပွားရာ ရွှေတွင်း၏မြေအောက်မီတာ ၁၀၀ ၌ လျှပ်စစ်ဝါယာရှော့ ဖြစ်ပွားရာမှ မီးစတင် လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ လုပ်သားနှစ်ဦးအား ကယ်ဆယ်နိုင်ခဲ့သော်လည်း အခင်းဖြစ်နေရာ၌ မီးခိုးများအကြား ပိတ်မိနေသူများရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းရွှေတွင်းအဝမှ မီးခိုးလုံးများတက်လာသည်ကို ဒေသန္တရမီဒီယာများတွင် ဖော်ပြခဲ့ကြပြီး ရွှေတွင်းလုပ်သားများ၏ မိသားစုဝင်များမှာ တာဝန်ရှိသူများ၏ ဖြစ်စဉ်အပေါ် သတင်းထုတ်ပြန်မှုကို စောင့်ကြည့်နေခဲ့ကြကြောင်း သိရသည်။ ပီရူးနိုင်ငံသည် သတ္တုသယံဇာတများ ထုတ်လုပ်ရာ ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကာ ကြေးနီထုတ်လုပ်မှုတွင် ကမ္ဘာ့ဒုတိယအဆင့်ရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့ရာတွင် နိုင်ငံအတွင်း ၎င်းလုပ်ငန်းများနှင့် ပတ်သက်၍ လုပ်ငန်းခွင်ဘေးကင်းရေး စီမံဆောင်ရွက်ရာတွင် လုပ်ဆောင်မှုစံချိန်မမီသည့် အားနည်းချက်များ ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်းက နိုင်ငံအတွင်း မိုင်းလုပ်ငန်းခွင်ဆိုင်ရာ မတော်တဆမှုများကြောင့် ၃၈ ဦး သေဆုံးခဲ့သည်။



ကိုးကား– အင်န်အိတ်ချ်ကေ

ဘာသာပြန်– စိုးသူရ

# တရုတ်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နိမရော့ဇ်ပြည်နယ်ရှိ ဒေသခံများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ကဘူးလ် မေ ၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်း နိမရော့ဇ်ပြည်နယ် ဇာရန်မြို့ရှိ ဒေသခံများအား တရုတ်နိုင်ငံက လှူဒါန်းသည့် ထောက်ပံ့ရေးပစ္စည်းများကို ယနေ့ ပေးအပ်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ထောက်ပံ့ရေးပစ္စည်းများကို လာမည့်သီတင်းပတ်များအထိ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း နိမရော့ဇ်ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေး ညွှန်ကြားရေးမှူး အိုစင် မိုဟာမက်က ပြောကြားသည်။

ယခုကဲ့သို့ အမှန်တကယ်လိုအပ်သည့်အချိန်တွင် လှူဒါန်းခဲ့ခြင်းအတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ၎င်းက ဆိုသည်။

ထောက်ပံ့ရေးပစ္စည်းများသည် မိမိတို့အတွက်အသုံးဝင်သောကြောင့် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့်လများအတွင်း၌ ၎င်းပြည်နယ်၏ အိမ်နီးချင်း ဟီရတ်ပြည်နယ်သို့လည်း တရုတ်နိုင်ငံက ထောက်ပံ့မှုများ ပေးအပ်ခဲ့သည်။

ကိုးကား– ဆင်ဟွာ

ဘာသာပြန်– စိုးသူရ

# မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦးသေဆုံး၊ ခြောက်ဦး ထိခိုက်ဒဏ်ရာရ

နေပြည်တော် မေ ၈

CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်တစ်စီးအား မေ ၇ ရက် ညနေပိုင်းတွင် လက်လုပ်မိုင်းတစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ တစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆေးဝါးကုသမှုဆောင်ရွက်ပေး**

ဖြစ်စဉ်မှာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် Nissan Navara အမျိုးအစား ခရီးသည်တင်ယာဉ်သည် မေ ၇ ရက် ညနေ ၄ နာရီခန့်တွင် တနင်္သာရီမြို့နယ် ဇဝဲကျေးရွာနှင့် လသာကျေးရွာအကြား မိုင်တိုင်အမှတ်(၃၃/၃) နေရာသို့ရောက်ရှိစဉ် CRPH၊ NUG အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူ အမျိုးသားတစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မြိတ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုင်းထိခိုက်ဒဏ်ရာရရှိခဲ့သော ခရီးသွားပြည်သူများအား ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူတို့က မြိတ်မြို့တပ်မတော်ဆေးရုံတွင် သွားရောက်ကြည့်ရှုအားပေးစဉ်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် ခရီးသွားယာဉ်အား ဆင်ခြင်တုံတရားမဲ့စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်မှ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် မော်တော်ယာဉ်ပုံ။

မြိတ်မြို့မှ မောတောင်သို့ ထွက်ခွာလာသည့် ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သည့် နေရာပြပုံ။




# ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်များ မီးလောင်ပျက်စီး

နေပြည်တော် မေ ၈

ကချင်ပြည်နယ် ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအတွင်းသို့ KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မေ ၇ ရက် ညပိုင်းတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ် သာယာကုန်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို မေ ၇ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်တွင် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ မြောက်ဘက် မီတာ ၇၀၀ ခန့်အကွာမှနေ၍ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာ၏ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အဆိုပါအကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လက်နက်ကြီးကျည်များသည် ကျေးရွာအတွင်းကျရောက် ပေါက်ကွဲမှုကြောင့် မီးကူးစက်လောင်ကျွမ်းခဲ့ရာ လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

KIA အဖွဲ့မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် သာယာကုန်းကျေးရွာပြပုံ။








KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် သာယာကုန်းကျေးရွာရှိ နေအိမ်များမီးလောင်နေမှုပုံ။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်

နေပြည်တော် မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများပေးအပ်ရန် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ သွားရောက်သည့် မော်တော်ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အာဆီယံတူညီဆန္ဒ(၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှုအကူအညီများပံ့ပိုးရေးအတွက် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ သံရုံးတို့မှ ကိုယ်စားလှယ်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ ဆီဆိုင်မြို့သို့ ထွက်ခွာလာခဲ့ရာ ဆီဆိုင်မြို့နယ် နန့်အောရွာ၏ မြောက်ဘက်မီတာ ၂၀၀ ခန့် အကွာသို့အရောက်၌ အသင့်စောင့်ဆိုင်းနေသည့် အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီးတစ်ဝိုက်အား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်တွင် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လုံခြုံရေးလိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး၌ လက်နက်ငယ်ကျည်အချို့ ထိမှန်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အာဆီယံတူညီဆန္ဒ(၅)ရပ်အနက် စတုတ္ထမြောက်အချက်ဖြစ်သည့် လူသားချင်းစာနာမှု အကူအညီများပံ့ပိုးရေးကိစ္စများတွင် အပြုသဘောဆောင်စွာဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စာနာမှုအကူအညီများ လိုအပ်သူများထံ ဖြန့်ဖြူးနိုင်ရေးနှင့် လိုအပ်သူမည်သူတစ်ဦးမျှ မကျန်စေရေးမူကို လက်ကိုင်ပြုကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများကြောင့် အခက်အခဲဖြစ်ပေါ်လျက်ရှိသော ဒေသခံပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိပံ့ပိုးနိုင်ရေးအပြင် လုံခြုံရေးနှင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတကာဆက်ဆံရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်စေရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ယုတ်မာသောလုပ်ဆောင်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေမည်ဖြစ်ပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာသဖြင့် ဒေသခံပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းတည်ငြိမ်ရေးတို့အတွက် အကြမ်းဖက်မှု ချေမှုန်းရေးစစ်ဆင်ရေး (Counter Terrorism Operation)ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိမိတို့၏ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူလူထုအနေဖြင့်လည်း အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများနှင့် မသင်္ကာဖွယ်ရာများ တွေ့ရှိပါက ဆက်သွယ်သတင်းပေးခြင်းဖြင့် ပူးပေါင်းပါဝင်ကြရန်လိုကြောင်းကို သက်ဆိုင်ရာမှ နှိုးဆော်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့် ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် နေရာပြပုံ။




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။





ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာရှိ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုဝင်များအတွက် ထောက်ပံ့ရေး ပစ္စည်းများ ထောက်ပံ့ရန် သွားရောက်သည့် AHA Centre မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံသံရုံးတို့မှ ကိုယ်စားလှယ်များ လိုက်ပါလာသည့် ယာဉ်တန်းအား အကြမ်းဖက်သမားများက ပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ် ထိခိုက်ပျက်စီးမှုအား တွေ့မြင်ရစဉ်။

ပညာရေးဝန်ကြီးဌာန

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်
**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာရေးမဝေးဖို့ ကျောင်းအမြန်အပ်နှံစို့”**

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ မေလ ၃၁ ရက်နေ့ထိ

ပညာရေးဝန်ကြီးဌာန
၂၀၂၃-၂၀၂၄ ပညာသင်နှစ်
“အသိပေးကြေညာချက်”

❖ **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG)သို့ အပ်နှံရန်။**

❖ **၆ နှစ်အရွယ် ကလေးများကို ပထမတန်း(Grade-1)သို့ အပ်နှံရန်။**

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၈**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။



ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၄၃ ဦး၊ ကျွန်းစုမြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၁၁၅ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူ ၅၀ တို့ကို သက်ဆိုင်ရာနယ်မြေများမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော်(ရေ)ရေကြောင်း လူငယ်သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ) အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၈၀ တို့သည် ယနေ့တွင် မိတ္ထီလာမြို့ရှိ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ် လေယာဉ်မောင်းသင်ကျောင်းရှိ Flight Line နှင့် လေကြောင်းထိန်းဌာနတို့တွင် တပ်မတော်(လေ)၏ နေ့စဉ်လုပ်ငန်းဆောင်တာများအား လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ကြပြီး RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ရဟတ်ယာဉ် Drone များ လေ့ကျင့်ပျံသန်းခြင်းတို့ကို သက်ဆိုင်ရာနည်းပြများ၏ ကြီးကြပ်မှုဖြင့် လေ့ကျင့်သင်ကြားခဲ့ကြသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်)သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၅-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၀ | ၁၉၇၀ | ၁၉၆၀ | ၁၉၃၀ | ၁၉၆၅ | ၁၉၉၀ | ၁၉၇၅ | ၁၉၅၀ | ၂၀၅၀ | ၂၀၆၅ | ၁၉၆၀ | ၁၉၇၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၀ | ၂၂၃၅ | ၂၈၁၀ |
| 95 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၀ | ၂၀၆၀ | ၂၀၈၅ | ၂၀၇၀ | ၂၀၄၅ | ၂၁၄၅ | ၂၁၆၀ | ၂၀၅၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၃၃၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၈၈၅ | ၁၉၃၅ | ၁၉၃၀ | ၁၈၉၅ | ၁၉၃၀ | ၁၉၅၅ | ၁၉၅၀ | ၁၉၂၀ | ၂၀၄၀ | ၂၀၃၀ | ၁၉၂၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၂၀၅ | ၂၉၀၀ |
| HSD (50 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |
| HSD (10 ppm) | ၁၉၆၅ | ၂၀၁၅ | ၂၀၁၀ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၃၀ | ၂၀၀၀ | ၂၁၂၀ | ၂၁၁၀ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၅ | ၂၂၈၅ | ၂၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၇ | ၁၈၈၇ |
| 95 Ron | ၁၉၀၈ | ၁၉၈၀ |
| HSD (500 ppm) | ၁၇၈၈ | ၁၈၅၃ |
| HSD (50 ppm) | ၁၈၆၂ | ၁၉၂၈ |
| HSD (10 ppm) | ၁၈၆၂ | ၁၉၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆
၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံးနှင့် ဗိုဗီနမ်အားကစားနည်းများမှ ရွှေတံဆိပ်ဆု တစ်ခုစီ ထပ်မံဆွတ်ခူးရရှိ

**ကမ္ဘောဒီးယား မေ ၈**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို မေ ၇ ရက်တွင် ဖနောင်ပင်မြို့ရှိ Basketball Hall NSTC ၌ ကျင်းပခဲ့ပြီး မြန်မာအသင်းက ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

**ယှဉ်ပြိုင်ကစားခဲ့ကြ**

အမျိုးသမီး Same Stroke Chinlone Event–2 ပြိုင်ပွဲ ပွဲစဉ်တွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၂၂၁ မှတ်ဖြင့် ပထမ(ရွှေတံဆိပ်ဆု)၊ ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယ(ငွေတံဆိပ်ဆု)၊ လာအိုနိုင်ငံမှ တတိယ (ကြေးတံဆိပ်ဆု)ကိုလည်းကောင်း၊ အမျိုးသား/အမျိုးသမီး Event –2 (Mixed Team) ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ မြန်မာနှင့် လာအိုနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၁၉၈ မှတ်ဖြင့် ဒုတိယ(ငွေတံဆိပ်ဆု)ကိုလည်းကောင်း၊ အမျိုးသား Same Stroke Chinlone Event – 2 ပြိုင်ပွဲ ပွဲစဉ်တွင် ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ရမှတ် ၁၇၄ မှတ်ဖြင့် တတိယ(ကြေးတံဆိပ်ဆု)ကိုလည်းကောင်း ရရှိခဲ့သည်။



ခြင်းလုံး အားကစားပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ခေါင်းဆောင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ဗိုဗီနမ် (အမျိုးသား/အမျိုးသမီး) အားကစားပြိုင်ပွဲ ပွဲစဉ်များကို Chroy Changvar Convention Centre, Hall (F) ၌ ကျင်းပရာ ဗိုဗီနမ် အမျိုးသား နှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာနိုင်ငံမှ ပထမ(ရွှေတံဆိပ်ဆု)၊ ဗီယက်နမ်နိုင်ငံမှ ဒုတိယ (ငွေတံဆိပ်ဆု)၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ပူးတွဲတတိယ(ကြေးတံဆိပ်ဆု)ကို ရရှိကြသည်။

ဆက်လက်၍ ဗိုဗီနမ်အားကစားနည်း (အမျိုးသမီး) လက်သိုင်းအပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး ၆၀ ကီလိုပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသား ၆၀ ကီလိုပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီး ဓားတစ်လက်အပြပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ ဓားအတိုက် အမျိုးသားနှစ်ယောက်တွဲအပြပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသား သုံးယောက်/ အမျိုးသမီး သုံးယောက် အသင်းလိုက် အပြပြိုင်ပွဲတွင် တတိယ (ကြေးတံဆိပ်ဆု)၊ အမျိုးသမီးလေးယောက်တွဲ ဓားတစ်လက်အပြပြိုင်ပွဲတွင် တတိယ(ကြေးတံဆိပ်ဆု)များ ရရှိခဲ့ကြသည်။

ထို့နောက် အပစ် – Women Single Shooting ပြိုင်ပွဲ၌ ပထမ(ရွှေတံဆိပ်ဆု) ရရှိသူနှင့် ဒုတိယ (ငွေတံဆိပ်ဆု)၊ တတိယ(ကြေးတံဆိပ်ဆု)ရရှိကြသူများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး OLYMPIC STADIUM, PRINCE STADIUM ၌ ကျင်းပလျက်ရှိသည့် ဘောလုံး(အမျိုးသား) ပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးခဲ့ကာ မြန်မာအသင်းက အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူး

**ရန်ကုန် မေ ၈**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း ဗိုဗီနမ်ပြိုင်ပွဲ တတိယနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာဗိုဗီနမ်အဖွဲ့ ရွှေတစ်ခု၊ ငွေနှစ်ခု၊ ကြေးနှစ်ခု ထပ်မံဆွတ်ခူး ရရှိခဲ့သည်။

**ထပ်မံဆွတ်ခူးခဲ့**

မြန်မာဗိုဗီနမ်အဖွဲ့သည် ပြိုင်ပွဲ သုံးရက်ဆက်တိုက် ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ပြီး တတိယနေ့တွင်လည်း ဆုတံဆိပ် ငါးခု ထပ်မံဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို အမျိုးသား ဓားတစ်လက်အပြပြိုင်ပွဲတွင် အိုက်စိုးလင်းက ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ရမှတ် ၄၄၉ မှတ်ဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။



ရွှေတံဆိပ်ဆုရ အိုက်စိုးလင်း

ယင်းပြိုင်ပွဲတွင် ဗီယက်နမ်ကစားသမားက ရမှတ် ၄၄၇ မှတ်ဖြင့် ငွေတံဆိပ်၊ ထိုင်းကစားသမားက ရမှတ် ၄၃၇ မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။ မြန်မာဗိုဗီနမ်အဖွဲ့အတွက် ငွေတံဆိပ်ဆုများကို အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် တင်ထူးဇော်၊ အမျိုးသမီး ဓားမောက်အပြပြိုင်ပွဲတွင် အိန္ဒြေဖူး၊ ကြေးတံဆိပ်ဆုများကို အမျိုးသား နှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် အောင်ခိုင်လင်းနှင့် ဟိန်းထက်အောင် အတွဲနှင့် အမျိုးသမီး Self–Defence ပြိုင်ပွဲတွင် ချစ်နိုဒီဆောင်းတို့က ရယူပေးခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတတိယနေ့ အပြီးတွင် မြန်မာဗိုဗီနမ်အဖွဲ့က ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ၁၃ ခု ဆွတ်ခူးရရှိထားသည်။ ဗိုဗီနမ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း– ကိုညီလေး**

**ဓာတ်ပုံ– အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

■

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု

၈–၅–၂၀၂၃ (ည ၁၀:၂၀ နာရီ)

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ကမ္ဘောဒီးယား | ၃၆ | ၃၀ | ၃၃ | ၉၉ |
| ၂။ | ဗီယက်နမ် | ၂၆ | ၂၄ | ၃၆ | ၈၆ |
| ၃။ | ထိုင်း | ၂၆ | ၂၀ | ၃၀ | ၇၆ |
| ၄။ | ဖိလစ်ပိုင် | ၁၇ | ၂၈ | ၃၁ | ၇၆ |
| ၅။ | အင်ဒိုနီးရှား | ၁၇ | ၁၇ | ၄၁ | ၇၅ |
| ၆။ | စင်ကာပူ | ၁၅ | ၁၁ | ၁၄ | ၄၀ |
| ၇။ | မလေးရှား | ၁၀ | ၁၂ | ၂၄ | ၄၆ |
| ၈။ | မြန်မာ | ၈ | ၇ | ၂၃ | ၃၈ |
| ၉။ | လာအို | ၄ | ၇ | ၂၇ | ၃၈ |
| ၁၀။ | ဘရူနိုင်း | ၀ | ၁ | ၂ | ၃ |
| ၁၁။ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

## ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) တွင် ထိုင်းနှင့် ဗီယက်နမ် ဆီမီးဖိုင်နယ်တက်ရောက်

**ရန်ကုန် မေ ၈**

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အမျိုးသား ဘောလုံးပြိုင်ပွဲအုပ်စု (ခ) စတုတ္ထနေ့ကို မေ ၈ ရက်က ဆက်လက်ကျင်းပရာ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ သုံးပွဲဆက် အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

စတုတ္ထနေ့တွင် ထိုင်းအသင်းက လာအိုအသင်းကို လေးဂိုး–တစ်ဂိုး၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဆီမီးဖိုင်နယ်တက်**

ယခုပွဲအပြီးတွင် ထိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းတို့က သုံးပွဲစလုံး အနိုင်ရကာ ရမှတ်ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ထိပ်တိုက်တွေ့ဆုံမည့် နောက်ဆုံးပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သုံးပွဲကစား သုံးမှတ်ရထားသည့် မလေးရှားအသင်း၊ သုံးပွဲကစား တစ်မှတ်ရထားသည့် စင်ကာပူအသင်း၊ ပွဲကုန်လေးပွဲကစား တစ်မှတ်ရခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စု (ခ) နောက်ဆုံးနေ့ကို မေ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့မှ အားကစားနည်းအလိုက် (၈.၅.၂၀၂၃) ရက်နေ့အထိ ဆုတံဆိပ်ရရှိမှုစာရင်း

| စဉ် | အားကစားနည်း | ဆုရရှိမှု ရွှေ | ဆုရရှိမှု ငွေ | ဆုရရှိမှု ကြေး | ဆုရရှိမှု စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဗိုဗီနမ် | ၄ | ၂ | ၁၃ | ၁၉ | |
| | ဗိုဗီနမ် (ခွန်ဘိုကာတာ) | ၁ | ၂ | ၆ | ၉ | |
| ၂ | ခြင်းလုံး | ၂ | ၃ | ၁ | ၆ | |
| ၃ | ပီတန်း | ၁ | | | ၁ | |
| ၄ | စစ်တုရင် | | | ၂ | ၂ | |
| ၅ | ပြေးခုန်ပစ် | | | ၁ | ၁ | |
| | စုစုပေါင်း | ၈ | ၇ | ၂၃ | ၃၈ | |

**❂ ကျောဖုံးမှ**

မလေးရှားအသင်းက ရမှတ် ၃၁၄ မှတ်ဖြင့် ကြေးတံဆိပ် ရရှိသည်။ Linking Event–3 အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းအသင်းက ရမှတ် ၃၁၇ မှတ်ဖြင့် ရွှေတံဆိပ်၊ မြန်မာအသင်းက ရမှတ် ၃၀၉ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအသင်းက ရမှတ် ၂၅၄ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။

မြန်မာခြင်းလုံးအသင်းသည် မေ ၈ ရက်ပွဲစဉ်များအပြီးထိ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် တစ်ခု ရရှိထားသည်။

**သတင်း– ရှိုင်းထက်ဇော်**

**ဓာတ်ပုံ– အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**❍ ဆီးဂိမ်းမှ**

ရယူနိုင်ခဲ့ပြီး ကမ္ဘောဒီးယားအတွဲက ၈ ဒသမ ၄၉၉၂ မှတ်ဖြင့် ငွေတံဆိပ်၊ လာအိုအတွဲက ၈ ဒသမ ၁၆၅၉ မှတ်ဖြင့် ကြေးတံဆိပ် ရရှိခဲ့သည်။

မြန်မာ Kun Bokator အားကစားအဖွဲ့အတွက် ငွေတံဆိပ်ဆုကို အမျိုးသမီး လက်သိုင်းအပြပြိုင်ပွဲတွင် သိင်္ဂီဝင်းကျော်၊ ကြေးတံဆိပ်ဆုများကို အမျိုးသား ဓားကောက်စွမ်းရည်ပြပြိုင်ပွဲတွင် အံ့ဘွယ်ငြိမ်း၊ အမျိုးသမီး သုံးယောက်တွဲစွမ်းရည်ပြပြိုင်ပွဲတွင် ဝတ်ရည်ဦး၊ မြတ်နိုးဝေနှင့် သိင်္ဂီဝင်းကျော်အတွဲ၊ အမျိုးသားနှစ်ယောက်တွဲ စွမ်းရည်ပြပြိုင်ပွဲတွင် အောင်ပြည့်စုံနှင့် ခန့်လွန်းဇော်အတွဲတို့က ရယူနိုင်ခဲ့သည်။

ဆီးဂိမ်း Kun Bokator ပြိုင်ပွဲကို မေ ၄ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာ Kun Bokator အားကစားအဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိခဲ့သည်။

**သတင်း– ရှိုင်းထက်ဇော်**

**ဓာတ်ပုံ– seagames2023**

## တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများပြုလုပ်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**နေပြည်တော် မေ ၈**

တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌လည်းကောင်း အသီးသီးပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင် ကျရောက်ပါက ကူညီကယ်ဆယ်ရေး၊ ပြန်လည်ဆောင်ရွက်ထားရှိမှုနှင့် သဘာဝဘေးအန္တရာယ် ထူထောင်ရေးနှင့် တည်ဆောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး နှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။




ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ကြည့်ရှုအားပေး**

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြရာ ယင်းသို့ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်နေမှုများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်

**လှည်းကူး မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ထားရှိမှုနှင့် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ခြင်းတို့ကို ယမန်နေ့ညနေပိုင်းက လှည်းကူးမြို့နယ် မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး မုန်တိုင်းမဖြစ်မီ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပေးနှိုးဆော်ခြင်း၊ မုန်တိုင်းကျရောက်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးနှင့် စားဝတ်နေရေးများ ကူညီဆောင်ရွက်ခြင်းလုပ်ငန်းများ၊ ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းအန္တရာယ်နှင့် ရေကြီးခြင်းတို့ ဖြစ်ပေါ်လာပါက အမြန်ဆုံး ကူညီကယ်ဆယ်နိုင်ရေးအတွက် ရေပြင်ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို



လူနှင့် အသက်ကယ်ပစ္စည်းများအသုံးပြု၍ ဆက်တိုက်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## မုန်တိုင်းမိုးရွာသွန်းမှုကြောင့် နွေစပါးနှင့် နွေသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေး လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၁။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မေလ(၈) ရက်နေ့ မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန် သတင်းထုတ်ပြန်ထားချက်အရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း၊ အဆိုပါ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ပိုမိုအားကောင်းလာနိုင်ပြီး (၉-၅-၂၀၂၃)ရက်နေ့တွင် မုန်တိုင်းငယ်(Depression)အဖြစ်သို့ရောက်ရှိနိုင်ကာ၊ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး (၁၀-၅-၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) အဖြစ်သို့ အားကောင်းလာနိုင်ကြောင်း သိရပါသည်။

၂။ အကယ်၍ ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာပါက ကြိုတင်ခန့်မှန်းချက်အရ မုန်တိုင်း၏အရှိန်ကြောင့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် တောင်ပိုင်းဒေသအချို့၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်နိုင်မည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။

၃။ ယခုအခါ အချို့သော တိုင်းဒေသကြီး/ပြည်နယ်များတွင် နွေစပါးနှင့် နွေသီးနှံများ ရိတ်သိမ်းလျက်ရှိပါသည်။ အချိန်အခါမဲ့ မုန်တိုင်းမိုးရွာသွန်းမှုကြောင့် ရိတ်သိမ်းဆဲသီးနှံများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် အောက်ပါလုပ်ငန်းများကို လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်-

(က) မုန်တိုင်းမရောက်မီ (သို့) မုန်တိုင်းကင်းစင်မှသာ ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပါ။

(ခ) ရင့်မှည့်ပြီးစပါးခင်းများ မိုးရွာသွန်းခြင်း၊ လေတိုက် ခြင်းတို့ကြောင့် ယိုင်လဲမှုဖြစ်ပေါ်ပါက ရေအမြန်ဆုံး ထုတ်ပြီး ရိတ်သိမ်းပါ။

(ဂ) အချိန်တိုအတွင်း ရိတ်သိမ်းခြွေလှေ့မှု ပြီးစီးရန် ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုရန်နှင့် အခြောက်ခံစက်များ သုံးစွဲနိုင်ရေးဆောင်ရွက်ပါ။

(ဃ) စက်ကိရိယာအခက်အခဲကြောင့် လူလုပ်အားဖြင့် ဆောင်ရွက်ရပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းခြွေလှေ့ပါ။ စပါးရင့်မှည့်မှုအလိုက် အလှည့်ကျရိတ်သိမ်းခြွေလှေ့နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပါ။

(င) ချက်ချင်းမခြွေလှေ့နိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံထားရှိခြင်း မပြုပါရန်နှင့် အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားရှိပါ။ အမိုးအကာ လုံလောက်မှုမရှိလျှင် မိုးရေလျှောကျစေရန် တစ်ဖက်စောင်းနိမ့်ပုံစံဖြင့် စုပုံပါ။(သို့မဟုတ်) ကောက်လှိုင်းများအား ဖိုခုံလောက်ဆိုင် ထောင်ထားပါ။

(စ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံး ခြွေလှေ့ပါ။ ခြွေလှေ့ပြီး စပါးများကို အစိုဓာတ် (၁၄) ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက်အသုံးပြု၍ (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

(ဆ) နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများတွင် မုန်တိုင်း မိုးကြောင့် ရုတ်တရက်ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပါက မိုးရွာသွန်းမှုရပ်သွားလျှင် ရေကတုတ်များမှ ချက်ချင်း ရေဖောက်ထုတ်ပါ။

(ဇ) စိုက်ခင်းများအနီးတွင် ချောင်းကော၊ မြောင်းကောများရှိပါက ရေနုတ်မြောင်းများ တူးဖော်ပြီး စိမ့်မြောင်း၊ ပတ်မြောင်းများ စနစ်တကျတူးဖော်ပါ။

(ဈ) မိုးကောင်းသောက်ဧရိယာများတွင် နွေထယ်ရေး ပြင်ဆင်ထားပြီး မိုးရွာအပြီး မိုးကြိုနှမ်း၊ မိုးကြိုပဲတီစိမ်း (သို့မဟုတ်) မိုးကြိုချည်မျှင်ရှည်ဝါများ စိုက်ပျိုးရန် အသင့်ပြင်ဆင်ပါ။

(ည) မုန်တိုင်းကာလအတွင်း ဆည်၊ တမံနှင့် မြို့နယ်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ကျဝန်ထမ်းများက အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးစီမံချက် (EPP)အရ အချိန်ပြည့် ဆောင်ရွက်နေကြမည်ဖြစ်၍ ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရေးလုပ်ငန်းများတွင် တောင်သူများက ပူးပေါင်းဆောင်ရွက်ကြပါ။

(ဋ) ဆည်ရေသောက် ဧရိယာအတွင်းရှိ တောင်သူများ၊ ရေအသုံးချတောင်သူအဖွဲ့ (WUG) များအနေဖြင့် ရေဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကူအညီ ရယူဆောင်ရွက်ပါ။

၄။ သီးနှံများရိတ်သိမ်းပြီးချိန်တွင် လေလွင့်ဆုံးရှုံးမှုများ သက်သာစေရန်အတွက် အထက်ပါလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများအားလုံး လိုက်နာဆောင်ရွက်နိုင်ကြရေးအတွက် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှလည်း ပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ကြပါရန်နှင့် အကူအညီလိုအပ်ပါက နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကျုံပျော်မြို့၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်



**ကျုံပျော် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို ကျုံပျော်မြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ မေ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်းက ခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရန် နည်းစနစ်တကျ ပေါင်းစပ်ဆောင်ရွက်ရေးကို လည်းကောင်း၊ တိုင်းရင်းသားရေးရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန တိုင်းတာဝန်ခံတို့က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ တာဝန်ရှိသူများက မွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ မြေမျိုး၊ ပိုး ဌာနခွဲတာဝန်ခံများက စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးသင်ကြားပို့ချပေးကြပြီး မြို့နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေး စိတ်ပါဝင်စားသူ ကရင်တိုင်းရင်းသား ၁၅၀ တက်ရောက်ခဲ့ကာ တစ်နေ့တာ နည်းပညာပေး သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ် မီးသတ်စခန်းက မုန်တိုင်းအန္တရာယ်ကျရောက်ပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေး စုဖွဲ့မှုများ ဆောင်ရွက်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ ယနေ့ မွန်းလွဲ ၃ နာရီတွင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းထက် ဦးဆောင်၍ တပ်ဖွဲ့ဝင်များဖြင့် လမ်းမတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ စုဖွဲ့မှုများဆောင်ရွက်ထားရှိကြောင်း သိရသည်။



ထို့အပြင် မုန်တိုင်းအန္တရာယ် ကျရောက်လာသည့်အခါ မြို့နယ်အတွင်းရှိပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်စေရေး၊ နေရာထိုင်ခင်းစီစဉ်ပေးနိုင်ရေး၊ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်စေရေး၊ အစားအသောက်များ စီစဉ်ပေးနိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မေ ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ရဟန်းသံဃာအယောင်ဆောင်ထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူများ၏အသက်ကိုသာမက စားဝတ်နေရေးကိုပါ ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေသော PDFတို့၏အကြမ်းဖက်လုပ်ရပ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ (ကွင်းသရုပ်ပြပွဲ) အခမ်းအနားကျင်းပ

**ကြံခင်း မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ဇီးပင်ကွင်းကျေးရွာအုပ်စု တောင်သူဦးဝင်းနိုင်၏ လယ်မြေ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစတိုင်းသာယာက(သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ (သစ်စိမ်းမြေဩဇာ) ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူ ၂၅ ဦးထံသို့ တာဝန်ရှိသူများက ပေးအပ်ပြီး မျိုးစေ့များကို စုပေါင်းကြဲပက်ပွဲ (ကွင်းသရုပ်)ပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နေသူများဖြစ်ကြသည့် ခင်မြင့်နှင့် နုနုရှိန်တို့သည် ၎င်းတို့အသုံးပြုသည့် "Khin Myint" Facebook အကောင့်၊ "Nu Nu Shein" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်နေ နေမျိုးထွန်းသည် ၎င်းအသုံးပြုသည့် "Nay Myo Htun" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

(က) ဘိလပ်မြေ = ၂၀၇၈၆ အိတ်

(ခ) ကတ္တရာ = ၁၉.၄၂ တန်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားမည်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၀-၅-၂၀၂၃

၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် - ၂၃-၅-၂၀၂၃(၁၆:၀၀)နာရီ

၅။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၅၄၈၀၁၂၄၀၊ ၀၉-၄၂၆၉၈၅၉၉၆ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မှတ်ချက်။** အိတ်ဖွင့်တင်ဒါရွေးချယ်မည့် နေ့ရက်/အချိန်/နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

**မြို့နယ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၃)နေ အဖ ဦးအေးဝင်းထွန်း[၉/တကန(နိုင်)၁၂၈၂၄၀]၏ သမီးဖြစ်သူ မအိရွှေစင်ဖြိုး[၉/တကန(နိုင်)၂၃၇၈၉၀]သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**ဦးအေးဝင်းထွန်း**

## “ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၃)၊ ဝရဇာ(ခ) ဂရဇာ (၆)လမ်း၊ မြေကွက်အမှတ် (၆၂၁)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ စတုတ္ထထပ်–ဘီ၊ (၅)လွှာ၊ ဘယ်ဘက်ခြမ်းရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း”

အထက်ပါတိုက်ခန်းသည် ဒေါ်သန်းသန်းမြင့် [၁၂/ဥကတ(နိုင်)ဝ၆၈၈၃၇] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် (၇–၅–၂၀၂၃)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း) များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ–**
**(၁)ဒေါ်ကြည်ကြည်ဆင့်**
**[၁၄/ဖပန(နိုင်)ဝ၈၂၅၂၂]**
**(၂) ဦးဝင်းထိုက်အောင်**
**[၁၂/လမတ(နိုင်)ဝ၃၄ဝ၃၄]**
**အမှတ်(၇၄)၊ပထမထပ်၊(၁၂)လမ်း၊**
**(၅)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅ဝ၆၇၈)**
**အမှတ်(၉/၁၁)၊ဝဝ၄–မြေညီထပ်၊**
**(၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–ဝ၉၄၂ဝ၂၃၅၆၆၈**

## “ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ (၂၃)လမ်း၊ မြေကွက်အမှတ် (၈၃၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၃½)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ်–စီ၊ အကျယ်အဝန်း (၁၃ပေx၅၄ပေ)ရှိ တိုက်ခန်းအား ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း”

အထက်ပါတိုက်ခန်းသည် ဒေါ်ဝင်းကြည် [၁၂/လမန(နိုင်)ဝ၄၉၅ဝ၂] ကိုင်ဆောင်ထားသူက တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီးအရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဖူးငုံကျော်ဝင်း [၁၃/နခတ(နိုင်)ဝ၅၅၉၃၆] ကိုင်ဆောင်ထားသူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်စမ်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅ဝ၆၇၈)**
**အမှတ်(၉/၁၁)၊ ဝဝ၄– မြေညီထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ဝ၉–၄၂ဝ၂၃၅၆၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁ဝ၇ဝ)၊ မြေကွက်တည်နေရာအမှတ် (၁ဝ၇ဝ)၊ မာဃလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်ခင်လေးလွင် [၁၂/မဂဒ(နိုင်)ဝဝ၂၅ဝ၆]၊ ဒေါ်မေအေး[၁၂/စခန(နိုင်)ဝ၃၆၁၉၃] နှစ်(၆ဝ)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်မေအေး (မိခင်)၊ ဦးတင်ဝေ(ဖခင်)နှင့် မောင်ဖြစ်သူ ဦးထွန်းထွန်းဝေတို့ အသီးသီး ကွယ်လွန်သဖြင့် ဒေါ်ဥမ္မာအေး[၁၂/စခန (နိုင်)ဝ၃၆၄ဝ၄]မှ အမည်ပေါက် တစ်ဦးဖြစ်သူ (မိခင်) ဒေါ်မေအေး အစုကို တရားဝင်အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (မိခင်) ဒေါ်မေအေး၏ သေဆုံးမှုလက်မှတ်၊ (ဖခင်)ဦးတင်ဝေ၏ သေဆုံးမှု ပထမမိတ္တူမှန်၊ (မောင်) ဖြစ်သူ ဦးထွန်းထွန်းဝေ၏ သေဆုံးမှု လက်မှတ်၊ ဂရန်၊ နိုင်/ကတ်နှင့် ဒေါ်ဥမ္မာအေးထံမှ GP No.၁၇၅၂၈/၂ဝ၂၂ (၂၃–၉–၂ဝ၂၂)ဖြင့် ရရှိသူ ဦးခင်မောင်ထွေး [၁၂/စခန(နိုင်)ဝ၃၆၂၁၂] မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စား လှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြပြီး ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ခင်လေးလွင်နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးမောင်ကြီးလမ်း၊ အမှတ်(၁၄၉၉)၊ ဦးကြီးဟန်(ခ)ဦးကြည်းဟန် အမည်ပေါက် နှစ်(၆ဝ)မြေငှားဂရန်ပါ မြေအကျယ်ပေ (၄ဝx၆ဝ)အနက်မှ မခွဲမစိတ်ရသေးသော ခြေရင်းဘက် (ဂရန်မိတ္တူခြမ်း) မြေအကျယ် ပေ(၂ဝx၆ဝ)ရှိ မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်မြကြူ [၁၂/မရက(နိုင်)ဝ၅၂၂၈၈]မှ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကြပါသဖြင့် ဦးထွန်းမင်းအုန်း [၁၂/လမန(နိုင်)၁ဝ၉၇၄၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ–**
**ဦးထွန်းမင်းအုန်း**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး (H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆ဝ၅)၊(၂ဝ–၇–၁၉၉၈)**
**ရုံး–(ဃ/၃ဝ၄)၊ပထမထပ်၊ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း–ဝ၉ ၅၄ဝ၇၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ မြေကွက်အမှတ် (၇၅၂/ခ)၊ ဟားခါးလမ်း၊ (၂ဝပေx၆ဝပေ) ပါမစ် အမည်ပေါက် ဒေါ်အနော်ပနော်မြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော (၁ဝပေx၆ဝပေ) ပါမစ်မိတ္တူခြမ်း ၊ မြေကွက်နှင့် နေအိမ်အဆောက်အဦ အပါအဝင် ရေ၊ မီးမီတာ၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁) ဒေါ်ခိုင်ဇာဝင်း [၁၂/ဥကတ(နိုင်)၁၇၆၅၃၉]၊ (၂) ဦးသန်းထက်ဝင်း [၁၂/ဥကတ (နိုင်)၁၇၅၉၇၇] ၎င်း၏ကိုယ်စား အဘွားဖြစ်သူ ဒေါ်ညွှန့်တင် [၁၂/ဥကတ(နိုင်) ၈ဝ၈၄၄ဝ]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဇော် [၁၂/မဂတ(နိုင်)ဝဝဝ၂၇၁] က (၆–၅–၂ဝ၂၃)ရက်နေ့တွင် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်အိမ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက် ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ၊**
**ဖုန်း– ဝ၉–၉၆၇၆၈၃၂ဝ၄၊ ဝ၉–၄၅ဝ၂၇၉၄၆၈၊ ဝ၉–၅ဝ၉၅၃ဝ၁**

## ကန့်ကွက်နိုင်ပါသည်

